# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | မယ်စဲ့မြို့ပေါ်၌ ရေစုကန်နှင့် မယ်စဲ့ကျေးရွာအုပ်စု၊ ဟိုစဲ့ကျေးရွာတွင် တည်ရှိသော ဟိုစဲ့မြို့သစ်ဆည်ကို ပညာရှင်ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ကနီမြို့နယ်၊ ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများရှိ စိုက်ပျိုးရန် ခက်ခဲလျက် ရှိသော လယ်ယာမြေများနှင့် မြေလွတ်၊ မြေလပ်များအား အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန် စိမ့်နုတ်မြောင်းများတူးဖော်၍ စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ကြံခင်းမြို့နယ်၊ ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန် လိုအပ်သောတံတား ၈ စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ပြုပြင်ထိန်းသိမ်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | လူဦးရေ၊ အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်သော တရားသူကြီးအချိုး ကွာဟချက်များသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တရားသူကြီးများ ထပ်မံဖြည့်စွက်ခန့်ထားရန် အစီအစဉ်ရှိ/မရှိ၊ လောလောဆယ် ဖြည့်စွက်ခန့်ထားရန်အခက်အခဲများရှိပါက လူဦးရေ/အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်ထားသည့် တရားသူကြီး အချိုးနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်မှ အချိုးများသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့ အတတ်နိုင်ဆုံး ညီမျှအောင် စီမံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | တရားရုံးများတွင် အမှုပွဲစားများပပျောက်ရေးကို မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |

၁၀ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီးကျေးရွာ၊ ကွင်းအမှတ်(၁၁၄၇-က) ကွင်း၊ မြဘုရားအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ(၂.၃၄)ဧကရှိ ဦးအုန်းသွင်၏ လယ်ယာမြေနှင့် ဦးတင်ကို၏ အိမ်ခြံမြေအငြင်းပွားမှုမှာ ၂၃(က)အရ ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့၏ စီရင်ဆုံးဖြတ်ပုိင်ခွင့်ဖြစ်သော်လည်း သနပ်ပင်မြို့နယ်တရားရုံးမှ တရားမကျင့်ထုံးဥပဒေအရ စီရင်ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိ၊ မရှိပါက တရားရုံးတော်၏ စီရင်ချက် အမိန့်ဒီကရီအား ပယ်ဖျက်ပေးရန်နှင့် တရားရုံး၏ မှားယွင်းဆုံးဖြတ်ချက်အပေါ် နစ်နာမှုများအတွက် ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၇

၁၁ ဥပဒေဘွဲ့ရရှိပြီးပုဂ္ဂိုလ်များ ရှေ့နေအလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားရာတွင် နိုင်ငံသားပြုခွင့်ရ နိုင်ငံသားများနှင့် ဧည့်နိုင်ငံသား ဥပဒေဘွဲ့ရများအား ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ အပိုဒ်(၃)အရ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်မပြုကြောင်း သိရှိရ ပါသဖြင့် ထိုသို့တင်သွင်းခွင့်မပြုသည့်အတွက် ယင်းဥပဒေဘွဲ့ရများမှာ နစ်နာဆုံးရှုံးနေကြရပါသဖြင့် ၎င်းတို့အတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၁

၁၂ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို တင်သွင်းခြင်း ၂၄

၁၃ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ၂၅

၁၄ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက တင်သွင်းသည့် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၂၇

၁၅ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၇

၁၆ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၄၅

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၈

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၃၀–၁–၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့ပေါ်၌ ရေစုကန်နှင့် မယ်စဲ့ကျေးရွာအုပ်စု၊ ဟိုစဲ့ကျေးရွာတွင်တည်ရှိသော ဟိုစဲ့မြို့သစ် ဆည်ကို ပညာရှင်ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၊ ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများရှိ စိုက်ပျိုးရန်ခက်ခဲလျက် ရှိသော လယ်ယာမြေများနှင့် မြေလွတ်၊ မြေလပ်များအား အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန် စိမ့်နုတ်မြောင်းများတူးဖော်၍ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးထွန်းလင်းမော်၊ ကြံခင်း မဲဆန္ဒနယ်၏ **ကြံခင်းမြို့နယ်၊ ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန် လိုအပ်သော တံတား(၈)စင်းအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ပြုပြင် ထိန်းသိမ်းပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **လူဦးရေ၊ အမှုဖြစ်မှုနှုန်း နှင့် ခန့်အပ်သော တရားသူကြီးအချိုး ကွာဟချက်များသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားသူကြီးများ ထပ်မံဖြည့်စွက် ခန့်ထားရန် အစီအစဉ်ရှိ၊ မရှိနှင့် လောလောဆယ် ဖြည့်စွက်ခန့်ထားရန် အခက်အခဲများ ရှိပါက လူဦးရေ/အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်ထားသည့် တရားသူကြီးအချိုးနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်မှ အချိုး များသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့ အတတ်နိုင်ဆုံး ညီမျှအောင် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **တရားရုံးများတွင် အမှုပွဲစားများ ပပျောက်ရေးကို မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီး ကျေးရွာ၊ ကွင်းအမှတ်(၁၁၄၇–က) ကွင်း၊ မြဘုရားအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ(၂.၃၄)ဧကရှိ ဦးအုန်းသွင်၏ လယ်ယာမြေနှင့် ဦးတင်ကို၏ အိမ်ခြံမြေအငြင်းပွားမှုမှာ ၂၃(က)အရ ကျေးရွာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် ဖြစ်သော်လည်း သနပ်ပင်မြို့နယ်တရားရုံးမှ တရားမကျင့်ထုံး ဥပဒေအရ စီရင်**

**ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ မရှိပါက တရားရုံးတော်၏ စီရင်ချက်အမိန့်ဒီကရီအား ပယ်ဖျက်ပေးရန်နှင့် တရားရုံး၏ မှားယွင်းဆုံးဖြတ်ချက်အပေါ် နစ်နာမှုများအတွက် ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ဥပဒေဘွဲ့ရရှိပြီး ပုဂ္ဂိုလ်များ ရှေ့နေအလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားရာတွင် နိုင်ငံသားပြုခွင့်ရ နိုင်ငံသားများနှင့် ဧည့်နိုင်ငံသား ဥပဒေဘွဲ့ရများအား ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ အပိုဒ်(၃) အရ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့် မပြုကြောင်း သိရှိရပါသဖြင့် ထိုသို့တင်သွင်းခွင့်မပြုသည့်အတွက် ယင်းဥပဒေဘွဲ့ရများမှာ နစ်နာဆုံးရှုံးနေကြရပါသဖြင့် ၎င်းတို့အတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက **“အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **“အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က တင်သွင်းသည့် **“ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်**

**တန်ဖိုးမြှင့် ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၊

(ဃ) ဦးဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၊

(င) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(စ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးတင်အောင်၊ ကျောက်ဆည် မဲဆန္ဒနယ်၊

(ဇ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ဈ) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ည) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

### ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
### (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)
### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၂) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၃) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊

(၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၉) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၁၀) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်နှင့်

(၁၁) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## မယ်စဲ့မြို့ပေါ်၌ ရေစုကန်နှင့် မယ်စဲ့ကျေးရွာအုပ်စု၊ ဟိုစဲ့ကျေးရွာတွင် တည်ရှိသော ဟိုစဲ့မြို့သစ်ဆည်ကို ပညာရှင်ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်ရှိ မယ်စဲ့မြို့ပေါ်၌ မယ်စဲ့ရေစုကန်နှင့် မယ်စဲ့အုပ်စု မယ်စဲ့ကျေးရွာတွင် တည်ရှိသော ဟိုစဲ့မြို့သစ်ဆည်ကို ပညာရှင်ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးခွန်းကို အပိုင်းနှစ်ပိုင်းဖြင့် မေးမြန်းသွားမှာလည်း ဖြစ်ပါတယ်။ ပထမအပိုင်းအနေနဲ့ မယ်စဲ့မြို့ပေါ်မှာတည်ရှိနေတဲ့ မယ်စဲ့ရေစုကန်ကိစ္စပဲဖြစ်ပါတယ်။ ဒီမယ်စဲ့ ရေစုကန်ဟာ ဘဏ္ဍာငွေမြောက်မြားစွာကုန်ဆုံးပြီး ယနေ့အထိ ပြည်သူလူထုအတွက် ဘာမှအသုံးမဝင် တဲ့ရေစုကန်လည်းဖြစ်ပါတယ်။ ရေစုကန်တည်ဆောက်ခြင်းရဲ့ရည်ရွယ်ချက်ဟာ မယ်စဲ့မြို့နယ် ပြည်သူ

လူထုအတွက် တည်ဆောက်ပေးခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဒီရေစုကန်နဲ့ပတ်သက်ပြီး ပြည်သူလူထုအတွက် သောက်သုံးရေလည်း သုံးစွဲခွင့်မရ၊ စိုက်ပျိုးရေလည်း စိုက်ပျိုးခွင့် မရဖြစ်နေတာဟာ နှစ်အတော်ကြာနေပြီလည်း ဖြစ်ပါတယ်။ စနစ်အမှားတစ်ခုကြောင့် တည်ဆောက်ခဲ့တဲ့ ဒီရေစုကန်ကို ဒီအတိုင်းပစ်ထားမယ်ဆိုရင် တိုင်းပြည်ဘဏ္ဍာငွေကို အလဟဿဖြုန်းတီးနေတာနဲ့ အတူတူပါပဲ။ ဒီရေစုကန်ရဲ့ အဓိကပြဿနာက ရေမနေခြင်းပြဿနာပါပဲ။ မိုးတွင်းကာလတော့ ရေရရှိပါတယ်။ ဆောင်းတွင်းနွေရောက်ပြီဆိုရင် ရေမနေတော့ပါ။ ရေဟာ မြေအောက်ကို ငုံဆင်းသွားပါတယ်။ ဒါဟာလည်း ပညာရှင်မပါဘဲနဲ့ တည်ဆောက်ခြင်းဖြစ်လို့ အခုလိုမျိုး ပြဿနာမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာပါ။ ရေစုကန်တည်ဆောက်မယ်ဆိုရင် ပညာရှင်ဖြင့် သေချာစွာတိုင်းတာပြီးမှ ပြည်သူလူထုအတွက် အကျိုးပြုနေမယ်ဆိုရင် တည်ဆောက်စေလိုပါတယ်။ အခုတော့ မယ်စဲ့မြို့ပေါ်က ရေစုကန်ကိုသာ သာဓကကြည့်ပါ။ ဆုပ်လည်းစူး စားလည်းရူးဆိုတဲ့စကားပုံအတိုင်း ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီရေစုကန်ကို ဒီအတိုင်းပဲပစ်ထားတော့မှာလား။ ဒီရေစုကန်ကို ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးပြုနိုင်မယ့် ရေစုကန်ပြန်လည်ဖြစ်နိုင်အောင် ပညာရှင်ဖြင့် ပြုပြင်ထိန်းသိမ်းပေးနိုင်ဖို့ တောင်းဆိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းအနေနဲ့ အနီးအနားမှာကတော့ ဒီထက်ပိုအရေးကြီးပါတယ်။ ဒါကတော့ မယ်စဲ့မြို့နယ် မယ်စဲ့အုပ်စု မယ်စဲ့ကျေးရွာမှာတည်ရှိတဲ့ ဟိုစဲ့မြို့သစ်ဆည်လို့အမည်ရပါတယ်။ ကယားပြည်နယ်အတွင်းမှာတည်ရှိတဲ့ ဆည်ကြီးတစ်ဆည်အပါအဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်နေ့ အခမ်းအနားကျင်းပတဲ့အခါမှာ ပြခန်းတွေမှာ ပြသခြင်းခံရတဲ့ဆည်ကြီးလည်း ဖြစ်ပါတယ်။ ပြခန်းတွေမှာ ဟန်ရေးပန်ရေးနဲ့ ပြသခြင်းခံရတာဟာလည်း လက်တွေ့မြေပြင်မှာ ပြခန်းမှာ ပြထားတဲ့ပုံနဲ့ တခြားစီဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာမှာတည်ရှိတဲ့ ဟိုစဲ့မြို့သစ်ဆည်ဟာလည်း မယ်စဲ့မြို့ပေါ်က ရေစုကန်နဲ့ ထိုနည်းလည်းကောင်း အတူတူပါပဲ။ ဒီဆည်ကို တည်ဆောက်တဲ့ရည်ရွယ်ချက်က ကောင်းပါတယ်။ ဒါပေမဲ့ လတ်တလောမှာ ပြည်သူလူထုအတွက် ဘာမှအကျိုးမပြုတာဟာ စိတ်မကောင်းစရာဖြစ်ပါတယ်။ ဒီဆည်ကိုတည်ဆောက်ဖို့အတွက် ပြည်သူလူထုကို ကြွေးကြော်ထားတာက ၂၄ နာရီ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် သောက်သုံးရေ ရာသီမရွေးရရှိရေးဆိုတဲ့ ကြွေးကြော်သံဖြင့် တည်ဆောက်ခြင်းလည်းဖြစ်ပါတယ်။ အခုတော့ တိုင်းပြည်ဘဏ္ဍာငွေမြောက်မြားစွာကုန်ဆုံးပြီး ဆည်ကြီးလည်း ဘာမှအကျိုးမဝင်ဖြစ်နေပါတယ်။ ငွေကို သိန်းပေါင်းထောင်ချီသုံးစွဲပြီး ဘာကြောင့် ဆည်ကို ဆည်နဲ့မတူအောင် မတည်ဆောက်နိုင်ကြတာလဲဆိုတဲ့မေးခွန်း ထုတ်ချင်လာပါတယ်။ အဓိကပြဿနာကတော့ ပညာရှင်မပါဘဲနဲ့ ဆည်တည်ဆောက်ခြင်းဖြစ်တယ်လို့လည်း ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆည်ကိုဒီအတိုင်းပဲ ပစ်ထားတော့မှာလား။ လူထုအသုံးဝင်နိုင်မယ့်ဆည်ကြီးပြန်လည်ဖြစ်နိုင်အောင် ပညာရှင်ဖြင့် ပြန်လည်ပြုပြင်မထိန်းသိမ်းနိုင်တော့ဘူးလားလို့ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ဤဆည်ရဲ့အဓိကပြဿနာက ရေမနေခြင်းပြဿနာပါပဲ။ ပထမပိုင်းက တင်ပြထားတဲ့ မယ်စဲ့ရေစုကန်နဲ့ အလားတူပါပဲ။ အခုတော့ မိုးတွင်းရေရရှိပါတယ်။ ဆောင်းတွင်း၊ နွေတော့ ရေမနေတော့ပါ။ ဆောင်းတွင်းနွေ ရေမရှိတော့ နွေစပါးလုပ်မယ့်တောင်သူတွေ၊ ကြက်သွန်စိုက်မယ့်

တောင်သူတွေအတွက် ရေအခက်အခဲဖြစ်နေပါတယ်။ ကျွန်တော်တို့ မယ်စဲ့မြို့နယ်ရဲ့ တောင်သူလယ်သမားများသည် တစ်နှစ်လုံးမှ စပါးတစ်ကြိမ်ကိုသာ စိုက်ပျိုးခွင့်ရကြတာပါ။ ဆည်ကြီးရှိပြီး ရေမရှိတဲ့ပြဿနာကြောင့် မိုးတွင်းတစ်မိုးကိုသာ စိုက်ပျိုးခွင့်ရတာပါ။ ဖောင်စီးပြီးရေငတ်ဆိုတဲ့ စကားပုံအတိုင်းဖြစ်နေပါတယ်။ တိုင်းပြည်ဘဏ္ဍာငွေမြောက်မြားစွာသုံးပြီး တည်ဆောက်ထားတဲ့ ဟိုစဲ့မြို့သစ်ဆည်ကြီးကို ပြည်သူလူထုအတွက် အမှန်တကယ်ပြန်လည်အကျိုးဖြစ်ထွန်းလာနိုင်အောင် ရေလည်း နွေ၊ မိုး၊ ဆောင်း အဆင်အမြဲနေအောင် ပညာရှင်ဖြင့် ပြန်လည်စမ်းသပ်ပြီး ပြုပြင်ထိန်းသိမ်းပေးပါလို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဤမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်ပေါင်းစပ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ ပထမတစ်ခုကတော့ ကယားပြည်နယ်၊ မယ်စဲ့မြို့ပေါ်မှာ ရေစုကန်နဲ့ ဒီရေစုကန်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးဖို့ကိစ္စ၊ တစ်ခါ မယ်စဲ့ကျေးရွာအုပ်စု ဟိုစဲ့ကျေးရွာမှာတည်ရှိတဲ့ ဟိုစဲ့မြို့သစ်ဆည်ကို ပြန်လည်ထိန်းသိမ်းပြုပြင်ပေးဖို့ကိစ္စနှင့် အကြောင်းအချင်းအရာနှစ်ရပ် ပါဝင်တာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်မှာရှိတဲ့ မယ်စဲ့ရေစုကန်ကို မြို့သောက်သုံးရေ ပေးဝေနိုင်ဖို့ရည်ရွယ်ပြီးတော့ ထိုစဉ်ကာလ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ လမ်းညွှန်ချက်နဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၀၅-၂၀၀၆ ခုနှစ်မှာ တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ ကန်ပေါင်အလျား ပေ ၄၀၀ ခန့်၊ အမြင့် ၂၆ ပေရှိပြီးတော့ ကန်ရေအပြည့် ရေသိုလှောင်နိုင်တဲ့ပမာဏဟာ ဧကပေ ၃၉ ပေခန့် ရှိပါတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုအခြေအနေတွေကြောင့် မယ်စဲ့ရေထွက်မှာ မိုးရာသီမှာသာ ရေစီးထွက်မှုရှိပြီး ကျန်ကာလတွေမှာ ရေစီးထွက်လျော့နည်းလာခဲ့တဲ့အတွက် ကန်အတွင်း ရေစီးဝင်မှု နည်းပါးလာတဲ့ အခြေအနေရှိလာပါတယ်။ မိုးရာသီမှာ မယ်စဲ့ရေထွက်ကရေကို ရေစုကန်အတွင်း စုဆောင်းသိုလှောင်ထားသော်လည်းပဲ ကန်ရေဝပ်ဧရိယာအောက်ခံမြေလွှာအတွင်းကနေ ရေစိမ့်ထွက်ရှိမှုရှိနေပါတယ်။ ထို့အတူပဲ မိုးကုန်ပြီး နွေရာသီရောက်လာတဲ့အချိန် ရေငွေ့ပျံမှုကြောင့်လည်းပဲ ဆောင်းနဲ့ နွေးရာသီတွေမှာ ကန်အတွင်းထိန်းသိမ်းထားတဲ့ရေတွေဟာ သိုလှောင်ထားတဲ့ပမာဏနည်းပါးလာတဲ့အခြေအနေဖြစ်ပေါ်လာခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ဒေသအစီအစဉ်နဲ့ မယ်စဲ့ရေထွက်ကရေကို ကန်ရဲ့အထက်ဘက်ရေထွက်ကနေပြီးတော့ ရေပိုက်နဲ့တိုက်ရိုက်သွယ်တန်းခြင်းဖြင့် နယ်စပ်ကုန်သွယ်

ရေးစခန်းအပါအဝင် ဘုန်းကြီးကျောင်းတစ်ကျောင်းနဲ့ ပညာရေးဝန်ထမ်း၊ အိမ်ရာအချို့ကို သောက်သုံးရေပေးဝေလျက်ရှိကြောင်း စိစစ်သိရှိရပါတယ်။ လက်ရှိမယ်စဲ့မြို့ သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မယ်စဲ့ချောင်းကရေကို လျှပ်စစ်ရေတင်စနစ် တင်ယူသန့်စင်ပြီး လုံလောက်စွာပေးဝေလျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ကန်အတွင်းကိုဝင်ရောက်နိုင်တဲ့ ရေအရင်းအမြစ်နည်းပါးမှုအခြေအနေအရလည်းကောင်း၊ ကန်ရေဝပ်ဧရိယာအောက်ခံမြေ ရေလုံအောင်ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်လွန်စွာများပြားနိုင်သောကြောင့်လည်းကောင်း လက်ရှိအနေအရလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြို့သောက်သုံးရေကို လုံလောက်စွာပေးဝေနိုင်လျက်ရှိတဲ့အခြေအနေကြောင့်လည်းကောင်း လက်ရှိအနေအထားအတိုင်းသာ ထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ကလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မယ်စဲ့မြို့နယ်မှာရှိတဲ့ ဟိုစဲ့ရေလွှဲဆည်ပြန်လည်ပြုပြင်ဖို့ကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါ့မယ်။ ဟိုစဲ့ရေလွှဲဆည်ကို မိုးစပါးစိုက်ပျိုးရေပေးဝေနိုင်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ထိုစဉ်က ဆည်မြောင်းဦးစီးဌာနအနေနဲ့ ၂၀၀၉-၂၀၁၀ မှာ တည်ဆောက်ပြီးစီးခဲ့တဲ့ ဆည်ဖြစ်ပါတယ်။ ရေလွှဲဆည်ဟာ အလျား ပေ ၂၀၀၊ အမြင့် ၂၇ ပေခန့်ရှိပါတယ်။ မိုးရာသီမှာ ရေထွက်ကရေကို ပိတ်ဆို့သိုလှောင်ပြီးတော့ မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိသော်လည်းပဲ ကျန်ကာလတွေမှာ ရေထွက်ကရေစီးထွက်မှုမရှိတဲ့အတွက် စိုက်ပျိုးရေမပေးဝေနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ရေလွှဲဆည်တည်ဆောက်ခြင်းရဲ့ သဘောသဘာဝဟာလည်း မိုးရာသီတွင်သာ စီးဝင်ရေရှိပြီး ကျန်ကာလများမှာ စီးဝင်ရေမရှိတဲ့ ရေအရင်းအမြစ်ပေါ်မှာအခြေတည် တည်ဆောက်ရခြင်းဖြစ်တဲ့အတွက် တစ်နှစ်ပတ်လုံး ရေသိုလှောင်ထိန်းသိမ်းထားနိုင်ခြင်းမရှိတဲ့အနေအထားဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဟိုစဲ့မြို့သစ်သောက်သုံးရေရဖို့အတွက် ရေလွှဲဆည်ကနေပြီး ရေပိုက်သွယ်တန်းပေးခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ပံ့ပိုးစီမံဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုစဲ့မြို့သစ်သောက်သုံးရေရရှိရေးအတွက် ရေလွှဲဆည်ရဲ့အထက်ဘက် ပေ ၃၀၀၀ ခန့်အကွာမှာ အုတ်ရေလှောင်ကန်တည်ဆောက်ပြီးတော့ ရေထွက်မှရေ စုဆောင်းသိုလှောင်မှုနဲ့ ရေပိုက်သွယ်တန်းပြီး သောက်သုံးရေပေးဝေလျက်ရှိပါတယ်။ ဟိုစဲ့ရေလွှဲဆည်ကို အစဉ်အမြဲရေနေအောင် ပြုပြင်နိုင်ရေးဟာ ရင်းနှီးမြှုပ်နှံမှုများစွာ ကုန်ကျဆောင်ရွက်ရမယ့်အခြေအနေဖြစ်ကြောင်း ပညာရှင်များနဲ့ စူးစမ်းလေ့လာမှုဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဒေသ ရေရရှိရေးကိုဆောင်ရွက်ပေးလိုသော်လည်းပဲ ဒေသရဲ့ရေမြေသဘာဝအနေအထားအရ ရေလွှဲဆည်အတွင်းကို မိုးရာသီမှာသာ စီးဝင်ရေရှိပြီး ကျန်ကာလတွေမှာ စီးဝင်ရေမရှိတဲ့အတွက် လက်တွေ့မှာ လိုလားတဲ့အတိုင်း ရေဝင်ရောက်နိုင်တဲ့အခြေအနေမရှိတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဟိုစဲ့ရေလွှဲဆည်ကို ရေအစဉ်အမြဲနေအောင် ပြုပြင်ဖို့အတွက် သင့်လျော်မှုမရှိပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ကနီမြို့နယ်၊ ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများရှိ စိုက်ပျိုးရန် ခက်ခဲလျက်ရှိသော လယ်ယာမြေများနှင့် မြေလွတ်၊ မြေလပ်များအား အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန် စိမ့်နုတ်မြောင်းများတူးဖော်၍ စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိမ့်ရေတက်ရောက်မှု တဖြည်းဖြည်းကျယ်ပြန့်လာခြင်းကြောင့် စိုက်ပျိုးရန်ခက်ခဲလျက်ရှိသော လယ်ယာမြေများအပါအဝင် မြေလွတ်၊ မြေလပ်များဖြစ်နေတဲ့ မြေများနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြုပြီးတော့ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ပထမဆုံးအနေနဲ့ ကနီမြို့နယ်၊ ငုတ်ချောင်းကျေးရွာအနီးရှိ ငုတ်ချောင်းစိမ့်ကွင်းကို တင်ပြလိုပါတယ်။ ငုတ်ချောင်းစိမ့်ကွင်းမှာ စိမ့်ရေတက်ရောက်လာမှုတဖြည်းဖြည်းကျယ်ပြန့်လာတဲ့အတွက်ကြောင့် စိုက်ပျိုးရန်ခက်ခဲလာတဲ့လယ်ယာမြေတွေ တဖြည်းဖြည်းတိုးလာသလို လုံးဝစိုက်ပျိုးလို့မရတော့တဲ့လယ်တွေလည်းရှိနေပါတယ်။ ယခင် နှစ် ၃၀၊ ၄၀ ခန့်ကတော့ ၎င်းနေရာမှာရှိတဲ့လယ်ယာမြေတွေမှာ ပေ ၁၅၀၀၀ ခန့်ရှည်တဲ့စိမ့်နုတ်မြောင်းတစ်ခုတူးဖော်ထားလို့ စပါးစိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းခဲ့တယ်လို့သိရပါတယ်။ စိမ့်နုတ်မြောင်းတိမ်ကောပျက်စီးလာတာနှင့်အမျှ စိမ့်ရေတက်ရောက်လာမှုပြန်လည်ဖြစ်ပေါ်လာပြီး တဖြည်းဖြည်းကျယ်ပြန့်လာကာ အခုဆို စိမ့်ရေတက်ဧရိယာဟာ ဧက ၃၀၀ နှင့်အထက်မှာရှိတယ်လို့ ဒေသခံများကခန့်မှန်းကြပါတယ်။ ယခုလို တိမ်ကောပျက်စီးလျက်ရှိတဲ့မူလစိမ့်နုတ်မြောင်းကို ပြန်လည်တူးဖော်ပြီး စိုက်ပျိုးမြေများ ပြန်လည်ဖော်ထုတ်ပေးဖို့ဒေသခံများက တင်ပြတောင်းဆိုလျက်ရှိပါတယ်။ ဒုတိယကတော့ တောင်နီစိမ့်ကွင်းဖြစ်ပါတယ်။ ၎င်းစိမ့်ကွင်းမှာ စိုက်ပျိုးဖြစ်ထွန်းနိုင်မယ့်မြေဧက ၂၀၀ နှင့်အထက်ရှိကြောင်း တွေ့ရှိရပြီးတော့ ၂၀၁၇-၂၀၁၈ မှာ တိုင်းဒေသကြီးရန်ပုံငွေကျပ်သိန်း ၂၀၀ ကျော် အသုံးပြုပြီးတော့ စိမ့်နုတ်မြောင်းပေအရှည် ၈၇၀၀ ခန့်တူးဖော်ခဲ့ပါတယ်။ အထိုက်အလျောက်အောင်မြင်တယ်လို့သိရပေမဲ့ စိမ့်နုတ်မြောင်းဟာ လယ်ခြားမြောင်းသာသာသာရှိနေတဲ့အတွက် ထပ်မံတူးဖော်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ တတိယအနေနဲ့ကတော့ ကံတောစိမ့်ကွင်းဖြစ်ပါတယ်။ ဒီနေရာမှာလည်း စိမ့်တက်မြေဧရိယာဟာ စိုက်ပျိုးနိုင်မယ့်ဧရိယာ ဧက ရာနှင့်ချီရှိပြီးတော့ အရှည်ပေ ၆၅၀၀ ခန့်ရှိ စိမ့်နုတ်မြောင်းဟောင်းသာလျှင် တိမ်ကောပျက်စီးနေတဲ့အတွက် ပြန်လည်တူးဖော်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ စိမ့်ရေတက်ဧရိယာတွေမှာ မူလစိမ့်နုတ်မြောင်းတွေနဲ့ တူးဖော်ပြီး စိမ့်နုတ်မြောင်းတွေကို စနစ်တကျပြန်လည်တူးဖော်ပြီး စနစ်တကျလယ်ယာမြေများ ဖော်ဆောင်ပေးနိုင်ပါက ဧကထောင်ကျော်ခန့် ပြန်လည်စိုက်ပျိုးလုပ်ကိုင်လာနိုင်မှာ ဖြစ်ပါတယ်။ အဲဒီဒေသအတွက် များစွာအကျိုးပြုဖြစ်ထွန်းလာမှာဖြစ်တဲ့အတွက် ကျွန်တော်မေးမြန်းလိုတာကတော့ ကနီမြို့နယ်၊ ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများရှိ စိုက်ပျိုးရန်ခက်ခဲလျက်ရှိသော လယ်ယာမြေများနှင့် မြေလွတ်၊ မြေလပ်များအား အလွယ်တကူစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ရန်

စိမ့်နုတ်မြောင်းများတူးဖော်၍ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ တောင်နီ၊ ငုတ်ချောင်း၊ ကံတောကျေးရွာများမှာရှိတဲ့ လယ်ယာမြေတွေဟာ ဒေသရဲ့ရေမြေသဘာဝအနေအထားအရ မြေအောက်ရေမျက်နှာပြင်မြင့်တက်ပြီး ရေစိမ့်ထွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါလယ်ယာမြေတွေမှာ လွန်ခဲ့တဲ့နှစ် ၅၀ ကစပြီး ရေစိမ့်ထွက်မှုများပြားလာခဲ့အတွက် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးနိုင်ဖို့အတွက် စိမ့်ရေတွေထုတ်ပေးနိုင်ဖို့ ရေနုတ်မြောင်းများတူးဖော်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ စိမ့်ကွင်းများရှိတဲ့ ငုတ်ချောင်း၊ တောင်နီနှင့် ကံတောကျေးရွာသုံးရွာအနက် တောင်နီကျေးရွာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က လယ်မြေဧက ၁၅၀ ခန့်စိုက်ပျိုးလုပ်ကိုင်နိုင်ဖို့အတွက် ရေနုတ်မြောင်းအလျားပေ ၇၅၀၀ တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ကျန်ရှိတဲ့ကျေးရွာနှစ်ရွာဖြစ်တဲ့ ငုတ်ချောင်း၊ ကံတောကျေးရွာတို့မှ လယ်မြေများ စိုက်ပျိုးရေးလုပ်ကိုင်လာနိုင်စေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ပေးနိုင်ဖို့ မြေပြင်တိုင်းတာတွက်ချက်ပြီးဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ် ဆောင်ရွက်ရမယ့်လုပ်ငန်းပမာဏအရ ခန့်မှန်းကုန်ကျငွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ လျာထားတင်ပြသွားမှာဖြစ်ပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုတင်ပြချက်တွေဟာ ငုတ်ချောင်း၊ တောင်နီနှင့် ကံတောကျေးရွာများမှာရှိတဲ့ စိမ့်ကွင်းဧရိယာများကနေပြီး စိုက်ပျိုးမြေများပေါ်ထွက်လာရေးအစီအမံများ ဖြစ်ပါတယ်။ စနစ်ကျလယ်ယာမြေဖော်ထုတ်ဖို့အတွက် မြေနေရာရွေးချယ်တဲ့အခါမှာ လက်ရှိစိုက်ပျိုးဖြစ်ထွန်းမှုရှိပြီး ဆည်ရေသောက်ကဲ့သို့သော စိုက်ပျိုးရေသေချာတဲ့ ဧရိယာတွေကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့်သာ စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်းရဲ့ အကျိုးရလဒ်တွေကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ကနီမြို့နယ်၊ ငုတ်ချောင်းစိမ့်ကွင်း၊ တောင်နီစိမ့်ကွင်းနှင့် ကံတောစိမ့်ကွင်းများမှာရှိတဲ့ စိုက်ပျိုးရန်ခက်ခဲလျက်ရှိတဲ့စိမ့်မြေတွေကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်နိုင်ရေးကိုသာ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စနစ်တကျ လယ်ယာမြေအဖြစ် ဖော်ထုတ်ပေးနိုင်မယ့်

အခြေအနေမရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကြံခင်းမြို့နယ်၊ ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန် လိုအပ်သောတံတား ၈ စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ပြုပြင်ထိန်းသိမ်းပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မှာ ကြံခင်းမြို့နယ်၊ ကွန်ချောင်းဆည်၊ ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန်လိုအပ်လျက်ရှိသောမြောင်းကူးတံတားများကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကွန်ချောင်းဆည်သည် ၂၀၀၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး မြေသားတာမံအမျိုးအစားဖြစ်ကာ အကျိုးပြုဧက ၂၀၀၀၀ ရှိပါတယ်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် လုပ်ငန်းများပြီးစီး၍ ဆည်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ တူးမြောင်းမကြီးရဲ့အရှည်ဟာ ၁၆ မိုင်ခန့်ရှိပြီး ကြံခင်းမြို့နယ်အတွင်းမှာ အဓိကတူးဖော် ဖောက်လုပ်ထားပါတယ်။ ယင်းတူးမြောင်းမကြီး ဖြတ်သန်းဖောက်လုပ်ရာဒေသများတွင် တူးမြောင်းတစ်ဖက်နှင့်တစ်ဖက် မြောင်းကူးတံတားများနဲ့ ဆက်သွယ်ထားရပါတယ်။ နှစ်ကာလကြာမြင့်တာနဲ့အမျှ အဲဒီတံတားများဟာ ကြမ်းခင်းများကျိုးပေါက်ခြင်း၊ တောင့်တင်းခိုင်မာမှုမရှိတော့ခြင်း၊ အမာခံနံရံများကြံ့ခိုင်မှုမရှိတော့ခြင်း၊ ကမ်းကပ်ခုံများ ကြံ့ခိုင်မှုအားနည်းလာခြင်း၊ တံတားထောက်တိုင်များ တောင့်တင်းခိုင်မာမှုအားနည်းလာခြင်းများ ဖြစ်ပေါ်လာရပါတယ်ခင်ဗျား။ ဒါကတော့ ကလို့ကွင်းအနောက်ရွာမှာရှိတဲ့ မြောင်းကူးတံတားဖြစ်ပါတယ်။ ဒါက တော့ ပေတောကွက်သစ်ရွာထိပ်မှာရှိတဲ့ မြောင်းကူးတံတားဖြစ်ပါတယ်။ ဒါကတော့ ရွှေပန်းတောရွာနဲ့ အမှတ်(၁၁)ရပ်ကွက်ကြားမှာရှိတဲ့ မြောင်းကူးတံတာပဲဖြစ်ပါတယ်။ ဒါကတော့ ရွှေပန်းတော-ထန်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ မြောင်းကူးတံတားပဲဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဝဲကြီး-ရွှေပန်းတောကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ မြောင်းကူးတံတားပဲ ဖြစ်ပါတယ် ခင်ဗျာ။ ဒါကတော့ တိုက်ကြီး-ရေသောက်ကန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိတဲ့ မြောင်းကူးတံတားပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျောက်တိုင်-မြောက်ချောကုန်းကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ မြောင်းကူးတံတားပဲဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျောက်တိုင်-မြောက်ချောကုန်းကျေးရွာချင်းဆက် လမ်းပေါ်မှာရှိတဲ့ ကွန်ချောင်း DY 6 ပေါ်က မြောင်းကူးတံတားပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းတံတားရှစ်စင်းပေါ်မှာ အမှီပြုပြီးတော့ ကျေးရွာအုပ်စုသုံးစုမှ ဒေသခံပြည်သူများဟာ ဒီမြောင်းကူးတံတားတွေကို အသုံးပြုပြီးတော့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စတွေကို ဆောင်ရွက်နေရပါတယ်။ အခုလိုပွင့်လင်းရာသီမှာ မီးရေး၊ ထင်းရေးကိစ္စတွေရှိရင်လည်း ဒီတံတားတွေကိုပဲ အသုံးပြုပြီးတော့ ဖြတ်သန်းသွားလာနေရပါတယ်။ လက်ရှိအနေအထားမှာ တံတားတွေဟာ မဖြစ်မနေပြုပြင်ထိန်းသိမ်းရမယ့် အနေအထားတစ်ခုကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို အောက်ဖော်ပြပါမေးခွန်းအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကြံခင်းမြို့နယ်၊ ကွန်ချောင်းတူးမြောင်းမကြီးပေါ်ရှိ ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော မြောင်းကူးတံတားရှစ်စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ပြုပြင်ထိန်းသိမ်းပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးနှင့်၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်ရဲ့ ကြံခင်းမြို့နယ်အတွင်းမှာ တည်ဆောက်ထားတဲ့ ကွန်ချောင်းတူးမြောင်းမကြီးပေါ် ပြုပြင်ဆောင်ရွက်ရန်လိုအပ်တဲ့တံတားရှစ်စင်းနဲ့စပ်လျဉ်းပြီးတော့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်အတွင်းမှာရှိတဲ့ ကွန်ချောင်းဆည်ရေသောက်စနစ်မှ တူးမြောင်းမကြီးပေါ်မှာ မြောင်းကူးတံတားတွေကို ၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ကွန်ချောင်းဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ ရေပေးမြောင်းတွေနဲ့ တူးမြောင်းအဆောက်အဦတွေကို နှစ်စဉ်ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး ပုံမှန်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဆည်ရေသောက်ဧရိယာအတွင်းမှာရှိတဲ့ ကျေးရွာတွေက လယ်ယာလုပ်ငန်းခွင်သွားလာဆောင်ရွက်နိုင်ဖို့နဲ့ လယ်ယာထုတ်ကုန်တွေ သယ်ယူပို့ဆောင်နိုင်ဖို့၊ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေဖို့ ရည်ရွယ်ပြီး မြောင်းကူးတံတားများကို ထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ရာမှာ မူလအနေအထားအရ ငါးတန်အောက်ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန်အတွက်သာ ဒီဇိုင်းပြုလုပ်တည်ဆောက်ခဲ့သော်လည်းပဲ ငါးတန်ထက်ပိုတဲ့ယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့်လည်းကောင်း၊ နှစ်ကာလကြာမြင့်စွာ အသုံးပြုခဲ့သော အနေအထားကြောင့်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့အတိုင်းပဲ တူးမြောင်းမကြီးပေါ်မှာရှိတဲ့ မြောင်းကူးတံတားရှစ်ခုဟာ ပြန်လည်ပြုပြင်ဖို့လိုအပ်လျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေအတွက် စိစစ်ရာမှာ ခန့်မှန်းကုန်ကျငွေကျပ်သန်း ၂၄၀ ကုန်ကျမှာဖြစ်ကြောင်း တွက်ချက်ရရှိပါတယ်။

**မူကြမ်း**

သို့ဖြစ်တဲ့အတွက် မြောင်းကူးတံတား ရှစ်ခုပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ပထမဦးစားပေး အဖြစ် လျာထားသတ်မှတ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(သာမန်)ရန်ပုံငွေဖြင့် ဆောင်ရွက်မယ့်လုပ်ငန်းများစာရင်းမှာ ထည့်သွင်းလျာထားသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မှာမူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လူဦးရေ၊ အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်သော တရားသူကြီးအချိုး ကွာဟချက်များသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တရားသူကြီးများ ထပ်မံဖြည့်စွက်ခန့်ထားရန် အစီအစဉ်ရှိ/မရှိ၊ လောလောဆယ် ဖြည့်စွက်ခန့်ထားရန်အခက်အခဲများရှိပါက လူဦးရေ/အမှုဖြစ်မှုနှုန်းနှင့် ခန့်အပ်ထားသည့် တရားသူကြီး အချိုးနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်မှ အချိုးများသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့ အတတ်နိုင်ဆုံးညီမျှအောင် စီမံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစော ပါ။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပြည်နယ်/တိုင်း ဒေသကြီး တရားသူကြီးများခန့်ထားမှုကို အမှုဖြစ်ပွားမှုရာခိုင်နှုန်း၊ နေထိုင်သည့်လူဦးရေအနည်းအများ အပေါ်အခြေခံပြီး တာဝန်ပေးထားရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းလိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများဟာ တရားမျှတမှုရရှိရေးအတွက် ပြည်သူများရဲ့အဓိက အားထားရာဖြစ်ပါတယ်။ ပြည်သူများယုံကြည်အားကိုးတဲ့ တရားရုံးများဖြစ်စေရေးမှာ တရားရုံးများကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ဆုံးဖြတ်ပေးနိုင်ဖို့က အရေးကြီးဆုံးပဲဖြစ်ပါတယ်။ တရားမျှတမှု၊ သာတူညီမျှမှု၊ မွန်မြတ်သောစိတ်ကောင်းနှလုံးကောင်းရှိမှုများက တရားစီရင်ရေးမှာလိုက်နာရမယ့် အခြေခံမူများဖြစ်တယ်လို့ တရားရုံးအဆင့်ဆင့် ခေတ်အဆက်ဆက်စီရင်ထုံးများနဲ့ ပြဋ္ဌာန်းဥပဒေများ အရ သိရှိထားပြီးသားဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တရားသူကြီး အမှုတစ်ခုကို စီရင် ဆုံးဖြတ်တယ်ဆိုရင် ဥပဒေရှုထောင့်အပြင် သာတူညီမျှမှု၊ မွန်မြတ်သောစိတ်ကောင်းစေတနာရှိမှုစတဲ့ ဆင်ခြင်တုံတရားတွေကိုပါ ထည့်သွင်းသုံးသပ်ရတာဖြစ်လို့ ဥပဒေပညာဗဟုသုတအပြင် ကောင်းမွန်တဲ့ တွေးခေါ်ဆင်ခြင်မှုများကို တစ်မှုချင်းစီအလိုက် အချိန်ယူဆောင်ရွက်မှ အထက်ပါအခြေခံမူနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တရားသူကြီးတစ်ဦးက အမှုအရေအတွက် နည်းနည်းကိုစီရင်ရလျှင် ဆင်ခြင်သုံးသပ်ဖို့အတွက် အချိန်ပိုရမှာဖြစ်သလို အမှုအရေအတွက် အများအပြားကို စီရင်ဆုံးဖြတ်ရတာဆိုလို့ရှိရင် ဆင်ခြင်သုံးသပ်မှုက အချိန်ပိုနည်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ၂၀၁၂ ခုနှစ် တရားစီရင်ရေးအစီရင်ခံစာကို လေ့လာကြည့်တဲ့အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များဟာ လူဦးရေမြင့်မားနေသော်လည်း ခန့်အပ်ထားတဲ့ တရားသူကြီးဦးရေဟာ လူဦးရေနဲ့အမှုဖြစ်မှုနှုန်းနည်းတဲ့ ပြည်နယ်/တိုင်းဒေသကြီးများမှာခန့်ထားတဲ့ တရားသူကြီးဦးရေထက်နည်းနေတာကိုတွေ့ရပါတယ်။ ဒါကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေရဲ့စာရင်းကို အစီရင်ခံစာအရ တွေ့ရှိရတာဖြစ်ပါတယ်။ ဒါတွေကတော့ တိုင်းဒေသကြီးအလိုက် ခန့်အပ်ထားတဲ့တရားသူကြီးတွေပါ။ ဒီနေမှာ ကျွန်တော် မြင်သာအောင်ဖော်ပြလိုတာက (၂)မှာရှိတဲ့ ကယားပြည်နယ်မှာဆိုရင် တရားသူကြီး လေးဦး ခန့်ထားပါတယ်။ (၄)မှာရှိတဲ့ ချင်းပြည်နယ်မှာဆိုရင် တရားသူကြီး လေးဦး ခန့်ထားပါတယ်။ နောက် (၈) စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် တရားသူကြီးသုံးဦးခန့်ထားပါတယ်။ အဲဒီတော့ လူဦးရေများတဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ တရားသူကြီးသုံးဦးသာရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကြည့်မယ်ဆိုလို့ရှိရင် သူ့လူဦးရေအရ တရားသူကြီး ကိုးဦးကို ခန့်ထားပါတယ်။ ဒီနေရာမှာမြင်သာအောင်ပြောချင်တာက ဒါကတော့ နှစ်အလိုက်အမှုလက်ခံစီရင်ဆုံးဖြတ်ရတဲ့အမှုတွေပေါ့။ ခုနက ကြည့်မယ်ဆိုလို့ရှိရင် ကယားပြည်နယ်မှာဆိုလို့ရှိရင် ရာဇဝတ်မှုနဲ့တွက်ရင် ၄၇ မှုပါ။ ၄၇ မှုမှာ တရားသူကြီးက လေးဦးရှိပါတယ်။ အဲဒီတော့ အချိုးချကြည့်မယ်ဆိုလို့ရှိရင် တရားသူကြီးတစ်ဦးအနေနဲ့ ၁၁ မှုကို စီရင်ဆုံးဖြတ်ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးကို နှိုင်းယှဉ်ရမယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ရာဇဝတ်မှုက ၈၃၂ မှုရှိပါတယ်။ တရားသူကြီးက သုံးဦးပဲရှိတယ်ဆိုတော့ တရားသူကြီးတစ်ဦးက တစ်နှစ်မှာ တစ်ယောက်ကို ၂၇၇ မှုကိုင်ရပါတယ်။ ကယားပြည်နယ်မှာတော့ ၁၁ မှုပဲကိုင်ရတဲ့အနေအထားမျိုးပါ။

နောက် ဆက်ပြီး ကျွန်တော်တို့နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် ချင်းပြည်နယ်ဆိုရင်လည်း ဒီလိုပါပဲ။ တရားသူကြီးလေးဦးရှိတယ်။ ရာဇဝတ်မှုက တစ်နှစ်လုံးနေမှ ၃၇ မှု၊ ကိုင်ရတဲ့အမှုက တရားသူကြီးတစ်ဦးဆိုလို့ရှိရင် ကိုးမှုဖြစ်ပါတယ်။ အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပြန်နှိုင်းယှဉ်မယ်ဆိုရင် အမှုပေါင်းက ၈၆၇ မှု၊ တရားသူကြီးက ခုနစ်ဦးဖြစ်တဲ့အတွက် ကျွန်တော်တို့အချိုးချကြည့်မယ်ဆိုရင် တရားသူကြီးတစ်ဦးက ၁၂၃ မှုကိုင်တွယ်ရပါတယ်။ ဒီလိုအချိုးမညီမျှတဲ့ ပုံသဏ္ဌာန်ဖြစ်နေတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတာကတော့ လူဦးရေဖြစ်မှုနှုန်းနဲ့ ခန့်အပ်တဲ့တရားသူကြီးအချိုးကွာဟချက်များနဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာ တရားသူကြီးနည်းတဲ့ပြည်နယ်မှာ ထပ်ပြီးတော့မှဖြည့်စွက်ခန့်ထားဖို့ အစီအစဉ်ရှိ/မရှိ၊ အကယ်၍ လောလောဆယ် ဖြည့်စွက်ခန့်ထားရန်အခက်အခဲရှိပါက လူဦးရေဖြစ်မှုနှုန်းနဲ့ ခန့်အပ်ထားတဲ့ တရားသူကြီးအချိုးနည်းတဲ့ တိုင်းဒေသကြီး/ပြည်နယ်မှ အချိုးများတဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှ အတတ်နိုင်ဆုံးညီမျှအောင် စီမံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးစိုးနိုင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ် တော်ကြီးအနေနဲ့ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကထုတ်ပြန်တဲ့ ၂၀၁၇ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ(2017 Annual Report)ကို သေချာစွာလေ့လာသုံးသပ်ပြီး ချင်းပြည်နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်များ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်များမှာ ခန့်အပ်ထားတဲ့ တရားလွှတ်တော် တရားသူကြီး ဦးရေ၊ အမှုဖြစ်ပွားမှုနှုန်းအရေအတွက်၊ တရား လွှတ်တော်တရားသူကြီးများ ကိုင်တွယ်စီရင်ဆုံးဖြတ်နေရတဲ့ အမှုအရေအတွက် အချိုးအစားများကို နှိုင်းယှဉ်သုံးသပ်ညွှန်ခြင်းဖြစ်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ကျေးဇူးတင် ကြိုဆိုပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ်တရားလွှတ်တော်မှာ ပြည်နယ်တရားသူကြီးချုပ်အပါအဝင် တရား လွှတ်တော်တရားသူကြီး လေးဦးခန့်ထားသည်ဟု ဖော်ပြထားခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလိုပါ တယ်။ ချင်းပြည်နယ်တရားလွှတ်တော်မှာ ပြည်နယ်တရားသူကြီးချုပ်အပါအဝင် တရားလွှတ်တော် တရားသူကြီးသုံးဦးသာ ခန့်ထားခဲ့ပါတယ်။ တရားလွှတ်တော်တရားသူကြီး ဦးလှတင်ဟာ ၂၄-၇-၂၀၁၇ ရက်နေ့မှာ အရည်အချင်းသတ်မှတ်ချက်ဖြစ်တဲ့ အသက် ၆၅ နှစ်ပြည့်တဲ့အတွက် တာဝန်ထမ်းဆောင် ခြင်းမှ အနားယူသွားပါသဖြင့် လစ်လပ်နေရာမှာ တရားသူကြီး ဦးတဲရင့်စံမွိုင်းနီခွဲလ်ကို ၄-၈-၂၀၁၇ ရက်နေ့က ဖြည့်စွက်ခန့်အပ်ထားပြီးဖြစ်ပါတယ်။ တရားလွှတ်တော်တရားသူကြီး လေးဦးခန့်ထားခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းရဲ့ပထမအပိုင်းဖြစ်တဲ့ လူဦးရေ၊ အမှုဖြစ်မှု နှုန်းနဲ့ ခန့်အပ်သောတရားသူကြီးအချိုး ကွာဟချက်များသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တရားသူကြီးများ ထပ်မံဖြည့်စွက်ခန့်ထားရန် အစီအစဉ်ရှိ/မရှိဟူသော မေးခွန်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေများတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်ရေးနှင့်စပ်လျဉ်းတဲ့ ပြဋ္ဌာန်း ချက်များကို ရည်ညွှန်းတင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၃ တို့အရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှာ တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ အနည်းဆုံးသုံးဦးမှ အများဆုံးခုနစ်ဦးအထိ ခန့်အပ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁) (၂) (၃) (၄)နဲ့ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ ၄၅ တို့အရ နိုင်ငံသမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

ဝန်ကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၈ တို့ပါ အရည်အချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေစရိတ်နှင့် အဆောင် အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပုဂ္ဂိုလ်များဖြစ်ပြီး အဆိုပါ ဥပဒေပုဒ်မ ၂၀ အရ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင် အယောင်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိမည်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍ အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေများအရ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းကာ မိမိတို့ပြည်နယ်/ တိုင်းဒေသကြီး၏ လူဦးရေအမှုဖြစ်ပွားသည့်နှုန်းများနှင့်အညီ ကိုင်တွယ်စီရင်ဆုံးဖြတ်နိုင်ရန်အတွက် သင့်မြတ်သည့်တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ ပြဋ္ဌာန်းကန့်သတ်သည့် အရေအတွက်အတွင်း နိုင်ငံတော်သမ္မတမှ ခန့်အပ်ခွင့်ရှိပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ခန့်အပ်ခွင့်မရှိပါသဖြင့် ဖြည့်စွက်ခန့်ထားရန်အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယ မေးခွန်းဖြစ်တဲ့ အကယ်၍ လောလောဆယ်ဖြည့်စွက်ခန့်ထားရန် အခက်အခဲများရှိပါက လူဦးရေ၊ အမှု ဖြစ်မှုနှုန်းနှင့် ခန့်အပ်ထားသည့် တရားသူကြီးအချိုးများသည့် တိုင်းဒေသကြီး/ပြည်နယ်မှ အချိုးနည်း သည့် တိုင်းဒေသကြီး/ပြည်နယ်များသို့ အတတ်နိုင်ဆုံးညီမျှအောင် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဟူသောမေးခွန်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် နှင့် တရားသူကြီးများသည် အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ သက်ဆိုင်ရာလွှတ်တော်တို့၏ အဆိုပြုညှိနှိုင်းချက်၊ သဘောတူညီချက်တို့ဖြင့် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ထမ်းဆောင်ရန် ခန့်အပ်ပြီး ၎င်းတို့၏စရိတ်၊ ချီးမြှင့်ငွေနှင့် အဆောင်အယောင်များကိုလည်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှပင် ကျခံသုံးစွဲရသည်ဖြစ်ရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် အဆိုပါ ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး များအား အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ အချိုးအစားညီမျှစေရန် ပြောင်းရွှေ့ခြင်း၊ ယာယီ

တာဝန်ပေးအပ်ခြင်းစသည့်အစီအမံများကို ဆောင်ရွက်ခွင့်မရှိပါသဖြင့် ဆောင်ရွက်ရန်အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**တရားရုံးများတွင် အမှုပွဲစားများပပျောက်ရေးကို မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကော့သောင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ တရားရုံးများမှာ အမှုပွဲစားများ ပပျောက်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့လူမှုရေးနယ်ပယ်မှာ ပွဲစားဆိုတာ သမာအာဇီဝလုပ်ငန်း တစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ (Tout)ခေါ်တဲ့အမှုပွဲစားများဟာ သမာအာဇီဝလုပ်ငန်း မဟုတ်ပါဘူး။ ဥပဒေနှင့်ညီတဲ့လုပ်ငန်းတစ်ရပ်သာဖြစ်ပါတယ်။ အမှုပွဲစားများဟာ အမှုဆွယ်ပေးသူ လာဘ်ပေး လာဘ်ယူပြုလုပ်ပေးသူသာ ဖြစ်ပါတယ်။ တရားဥပဒေက အမှုပွဲစားများကို အတိအလင်းတားမြစ်ထား ပါတယ်။ ရှေ့နေလိုက်သူများဥပဒေပုဒ်မ ၃၆ မှာ အမှုပွဲစားဟုကြေညာခံရသူများသည် တရားရုံး အဆင့်ဆင့်သို့ဝင်ထွက်ခွင့်မရှိကြောင်း၊ အမှုပွဲစားဟု ကြေညာသင့်သူများကို တရားရုံးများတွင် အမည်စာရင်း ကြေညာနိုင်ကြောင်း၊ အမှုပွဲစားဟု ကြေညာခံရသူများအား ထောင်ဒဏ်သုံးလ သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကို ချမှတ်နိုင်တယ်ဆိုပြီးတော့ ဒီတိုင်းပြဋ္ဌာန်းထားတာရှိပါတယ်။

ဒါပေမဲ့ ယနေ့အချိန်အထိတော့ တရားရုံးများမှာ အမှုပွဲစားအဖြစ် ကြေညာထားခြင်း၊ အမှုပွဲစား များကို အရေးယူခြင်းမျိုးကို မတွေ့ရပါဘူး။ ဆိုတော့ရင် အမှုပွဲစားမရှိလို့လားဆိုတော့ မေးစရာရှိပါ တယ်။ ဒါပေမဲ့ အမှုပွဲစားများဟာ တချို့တရားသူကြီးတွေ၊ တချို့ဥပဒေအရာရှိတွေ၊ တချို့ရဲဝန်ထမ်း တွေ၊ တချို့ရှေ့နေတွေနဲ့ပေါင်းပြီးတော့ အမှုပွဲစားအလုပ်ကို တရားရုံးများမှာ ဝင်ထွက်သွားလာပြီးတော့ ပြောင်ပြောင်တင်းတင်းလုပ်နေလို့ပဲ ဖြစ်ပါတယ်။ အမှုပွဲစားများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ အဓိက စိန်ခေါ်ချက်တစ်ရပ်ဖြစ်ပါတယ်။ အကျင့်သိက္ခာနှင့်ပြည့်စုံတဲ့ တရားသူကြီးတွေ၊ ဥပဒေအရာရှိ တွေ၊ ပြည်သူ့ရဲတွေရဲ့ ဂုဏ်သိက္ခာကို လက်ညှိုးထိုးပြီးတော့ ရောင်းစားနေကြသူများဟာ ဒီအမှုပွဲစား များဖြစ်ပါတယ်။ အဲဒါကြောင့် တရားရုံးများမှာ အမှုပွဲစားများပပျောက်ရန် မည်ကဲ့သို့ဆောင်ရွက်ထား သည်ကို သိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါ တယ်။ ဒီမေးခွန်းကို ကျွန်တော်မေးရခြင်းရဲ့ရည်ရွယ်ချက်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးတည်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ်စိတ် နှစ်ဖြာကျန်းမာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးစိုးနိုင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးနိုင်ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှေ့နေလိုက်ပါသူများအက်ဥပဒေ(Legal Practitioners Act)ပုဒ်မ ၃ တွင် အမှုပွဲစား(Tout)ဆိုသည်မှာ (က) ရှေ့နေတစ်ဦးဦးထံမှ အခကြေးငွေ၊ အဖိုးစားနားရရှိရန် ရှေ့နေ၏တရားဥပဒေရေးရာလုပ်ငန်းအတွက် အမှုရှာပေးသူ သို့တည်းမဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးထံမှ အခကြေးငွေ၊ အဖိုးစားနားရယူ၍ အမှုရှာပေးရန်ရှေ့နေကိုဖြစ်စေ၊ ရှေ့နေလုပ်ငန်းအတွက် အမှုရရှိရန်စိတ်ဝင်စားသူကိုဖြစ်စေ ကမ်းလှမ်းအဆိုပြုသူ သို့တည်းမဟုတ်။ (ခ) တရားမ သို့မဟုတ် ရာဇဝတ်တရားရုံးအနီးအနားတွင်ဖြစ်စေ၊ အခွန်ရုံးအနီးအနားတွင်ဖြစ်စေ အမှုရရှိရေးအတွက် မကြာခဏလှုပ်ရှားသွားလာနေခြင်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ တည်းခိုခန်းနှင့် အများပြည်သူအပန်းဖြေသည့်နေရာများတွင် အမှုရရှိရေးအတွက် မကြာခဏသွားလာနေခြင်းပြုသူတို့ကိုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဆိုပါပြဋ္ဌာန်းချက်အရ အမှုပွဲစားများသည် အမှုရရှိအောင်ဆောင်ရွက်သူ၊ အမှုရှာသူများဖြစ်ပြီး ၎င်းတို့သည် တရားရုံးပတ်ဝန်းကျင်တွင်သာမက လူအများသွားလာသည့်နေရာတိုင်းတွင် လှုပ်ရှားသွားလာလေ့ရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများမှာ အမှုပွဲစားများအဖြစ် ဆောင်ရွက်နေသူများသည် တရားရုံးအသီးသီးသို့ တရားစွဲတင်ပို့လာကြသော ရာဇဝတ်ကြောင်းဆိုင်ရာအမှုများ၊ တရားမကြောင်းအရ စွဲဆိုသောအမှုများမှာ အမှုအစကအဆုံး အဆင်ပြေစွာဆောင်ရွက်ပေးရေးနှင့် အမှုအနိုင်ရရှိရေးအတွက် တရားသူကြီးနှင့်နီးစပ်မှုရယူပြီး ၎င်းတို့ပွဲစားအဖြစ် ဆောင်ရွက်နေတဲ့အမှုများကို တရားရုံးက ဦးစားပေးဆောင်ရွက်စေခြင်း၊ အနိုင်ရအောင်ဆောင်ရွက်ပေးစေခြင်း၊ ရှုံးနိမ့်ချေရှိလာလျှင် နည်းမျိုးစုံဖြင့် အမှုကြန့်ကြာအောင်ဆောင်ရွက်ခြင်း၊ မမှန်မကန်တိုင်ကြားစေခြင်းစသည့်နည်းလမ်းများသုံးပြီး ဆောင်ရွက်နေကြကြောင်းလည်း သိရှိရပါတယ်။ ယင်းသို့ အမှုပွဲစားများက မမှန်မကန်ဆောင်ရွက်မှုများတွင် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများသည် ပူးပေါင်းပါဝင်မှု၊ အားပေးကူညီမှု လုံးဝမရှိစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်နှင့် ခရိုင်/မြို့နယ်တရားရုံးအားလုံးသို့ ၂၆-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၀၁၃/စ-၁၂/၅၂/၂၀၁၄ ဖြင့် သတိပေးထားပြီးဖြစ်ပါတယ်။

ထို့အပြင် အမှုပွဲစားများအား ဖော်ထုတ်အရေးယူရန်ကိစ္စကို အများပြည်သူသိရှိစေရန် ကြေညာချက်ထုတ်ပြန်၍ တရားရုံးတိုင်းရှိ ကြော်ငြာသင်ပုန်းတွင် မြင်သာထင်သာအောင်ကပ်ထားရန်၊ ယင်းကြေညာချက်အရ မမှန်မကန်လုပ်ဆောင်မှုမျိုးကို ဖော်ထုတ်တွေ့ရှိလျှင် တရားသူကြီးများက ထိုသူကို ထိရောက်စွာအရေးယူရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၆-၂-၂၀၁၄ ရက်စွဲပါစာတွင် ထပ်လောင်းညွှန်ကြားထားပြီးဖြစ်ပါတယ်။ ထို့အတူ တရားရုံးအသီးသီးတွင် လိုက်ပါ

ဆောင်ရွက်နေတဲ့ ရှေ့နေများအနက် နယ်စားရှေ့နေဟုဆိုတဲ့ ရှေ့နေအချို့ တရားရုံးအရာထမ်း၊ အမှုထမ်းများနှင့် နီးစပ်မှုရယူပြီး ၎င်းတို့လိုက်ပါဆောင်ရွက်နေတဲ့အမှုတွေကို တရားရုံးက ဦးစားပေးဆောင်ရွက်စေခြင်း၊ အနိုင်ရရှိအောင်ဆောင်ရွက်စေခြင်း၊ ရှုံးနိမ့်ချေရှိလာလျှင် နည်းမျိုးစုံဖြင့် အချိန်ဆွဲနေခြင်းစသည်တို့ကို ပြုလုပ်ခြင်းဖြင့် တစ်ဖက်အမှုသည်ကို စိတ်ဓာတ်ကျဆင်းအောင် ဆောင်ရွက်မှုများရှိနေကြောင်းဖြင့် စွပ်စွဲတိုင်ကြားမှုများရှိခဲ့သဖြင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသူများသည် ရိုးသားတည်ကြည်စွာ ဆောင်ရွက်နေကြသော တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသော မမှန်မကန်လုပ်ဆောင်မှုမျိုး မပြုလုပ်မိကြစေရန်၊ မိမိတို့ကိုယ်တိုင် မည်သည့်ရှေ့နေကိုငှားပါဟူ၍ လမ်းညွှန်မှုမပြုရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၁-၅-၁၉၉၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၁/၁၉၉၂)ကို ထုတ်ပြန်ပြီး သတိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။ ယင်းညွှန်ကြားချက်ကို တရားရုံးတိုင်းမှာ ကြော်ငြာသင်ပုန်းပါ အများပြည်သူသိရှိစေရန်အတွက် ကပ်ထားရန်လည်း ညွှန်ကြားခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများမှာ အမှုပွဲစားများ ကျက်စားလေ့ရှိခြင်းကြောင့် တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းမှုမရှိစေရန်အလို့ငှာ ယင်းတို့၏ မမှန်မကန်သောလုပ်ရပ်များကို ဖော်ထုတ်အရေးယူရန် လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ တရားရုံးများမှာ ကျင်လည်ကျက်စားနေသော အမှုပွဲစားများ၊ နယ်စားရှေ့နေများကိုစွ ဖော်ထုတ်အရေးယူရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယခင်ကတည်းက ညွှန်ကြားချက်၊ ကြေညာချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် တရားရုံးကို ဆက်သွယ်ရောက်ရှိလာကြသူကလည်း အမှုပွဲစား၊ နယ်စားရှေ့နေဆိုသူများနှင့်စပ်လျဉ်း၍ တရားရုံးသို့ ဖော်ထုတ်တင်ပြတိုင်ကြားနိုင်ကြပါကြောင်း၊ တရားရုံးမှ လက်ခံကျေနပ်ဖွယ်ရာ သက်သေထင်ရှားရှိကြောင်း စုံစမ်းတွေ့ရှိပါက အဆိုပါသူရဲ့အမည်ကို အမှုပွဲစားအမည်စာရင်းထည့်သွင်းခြင်း၊ ထုတ်ပြန်ကြေညာခြင်းနှင့် ဥပဒေအရ အရေးယူခြင်းများကို ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီးကျေးရွာ၊ ကွင်းအမှတ်(၁၁၄၇-က)ကွင်း၊ မြဘုရားအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ(၂.၃၄)ဧကရှိ ဦးအုန်းသွင်၏ လယ်ယာမြေနှင့် ဦးတင်ကို၏ အိမ်ခြံမြေအငြင်းပွားမှုမှာ ၂၃(က)အရ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်ဖြစ်သော်လည်း သနပ်ပင်မြို့နယ်တရားရုံးမှ တရားမကျင့်ထုံးဥပဒေအရ စီရင်ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိ၊ မရှိပါက တရားရုံးတော်၏ စီရင်ချက်အမိန့်ဒီကရီအား ပယ်ဖျက်ပေးရန်နှင့် တရားရုံး၏ မှားယွင်းဆုံးဖြတ်ချက်အပေါ် နစ်နာမှုများအတွက် ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီးကျေးရွာနေ ဦးအုန်းသွင်လယ်ယာမြေနဲ့ ဦးတင်ကို

ရဲ့အိမ်ခြံမြေအငြင်းပွားမှုမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ကျေးရွာနှင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့ရဲ့ စီရင်ဆုံးဖြတ်ပိုင်ခွင့်ဖြစ်သော်လည်း မြို့နယ်တရားရုံးက တရားမကျင့်ထုံးဥပဒေ အရ စီရင်ဆုံးဖြတ်တာဟာ ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ၊ မရှိပါက တရားရုံးတော်ရဲ့ စီရင်ချက်အမိန့် ဒီကရီကို ပယ်ဖျက်ပေးရန်နှင့် တရားရုံးရဲ့ မှားယွင်းသောဆုံးဖြတ်ချက်အပေါ် နစ်နာမှုများအတွက် ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီးကျေးရွာမှာနေတဲ့ ဦးအုန်းသွင်လယ်ယာမြေနဲ့ ဦးတင်ကိုရဲ့ အိမ်ခြံမြေအငြင်းပွားမှုနှင့်ပတ်သက်လို့ သနပ်ပင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကျိုက်ပဒိုင်ကြီးကျေးရွာ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ညွှန်ကြားချက်အရ ကွင်းဆင်းစစ်ဆေးရာမှာ ဦးတင်ကိုခြံမှာ ၃၅ ပေပတ်လည်ရှိပြီး အဆိုပါခြံရဲ့ အနောက်တောင်ထောင့်ရှိ ၀.၀၀၂ ဧကရှိ လယ်မြေမှာ ဦးအုန်းသွင်လယ်မြေအဖြစ် တွေ့ရှိရကြောင်း ကျန်မြေဧရိယာဟာ ရိုးမြေနဲ့ ပယ်မြေဖြစ်ကြောင်း မြေပုံကြမ်းနှင့်တကွ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ ကျေးရွာ လယ်/စီက ပြန်လည်အစီရင်ခံခဲ့ပါတယ်။ အလားတူ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ကွင်းဆင်းစစ်ဆေးတဲ့အခါမှာလည်း ကျေးရွာ လယ်/စီရဲ့ အစီရင်ခံတဲ့အတိုင်း မှန်ကန်ကြောင်း ထောက်ခံအတည်ပြုထားပါတယ်။ Power Point သုံးခွင့်ပြုပါ။ ဒါကတော့ ကျေးရွာ လယ်/စီရဲ့ အစီရင်ခံချက်ဖြစ်ပါတယ်။ ဒါကတော့ မြို့နယ် လယ်/စီရဲ့ ထောက်ခံချက်ဖြစ်ပါ တယ်။ ဒါကတော့ မြေပုံကြမ်းနှင့် ကျေးရွာ လယ်/စီက တင်ပြထားတာဖြစ်ပါတယ်။ ဦးအုန်းသွင် လယ်ယာမြေဟာ ထောင့်လေးမှာဖော်ပြထားတဲ့အတိုင်းဖြစ်ပြီးတော့ ဦးတင်ကိုအိမ်ကတော့ ဖော်ပြပါ အတိုင်းဖြစ်ပါတယ်။ အထက်ပါ လယ်ယာမြေ၊ အိမ်ခြံမြေ အငြင်းပွားမှုနှင့်ပတ်သက်၍ သနပ်ပင်မြို့နယ် တရားရုံးတော်ရဲ့ ၁၈-၅-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့တဲ့ အမိန့်နှင့်ဒီကရီမှာ တရားပြိုင်ဦးတင်ကိုနှင့် မကုလားမ(ခ)မစုမာတို့ဟာ တရားလို ဦးအုန်းသွင်(ခ) ဦးဂျော်ဂျီ၏ အမည်ပေါက် ကွင်းအမှတ် (၁၁၄၇-က)ကွင်း၊ မြဘုရားအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ မြေဧရိယာ(၂.၃၄)ဧကအတွင်းရှိ မြေပေါ်တွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်လျက်ရှိခြင်းမှ ဖယ်ရှားပေးစေကြောင်း တရားလို ဦးအုန်သွင် (ခ) ဦးဂျော်ဂျီအတွက် အနိုင်ဒီကရီကို စရိတ်နှင့်တကွ ချမှတ်ပေးလိုက်သည်ဟူ၍ စီရင်ချက်အမိန့် ဒီကရီကို ချမှတ်ခဲ့ပြီးတော့ တရားမ ဇာရီအမှုအမှတ် ၁၉ ဖြင့် မြေအပ်ဝရမ်းထုတ်ပြန်၍ မြို့နယ်နှင့် ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်များကို လျစ်လျူရှုကာ မြေပြင် ကွင်းဆင်းတိုင်းတာစစ်ဆေးတာလည်းမရှိဘဲ ဦးတင်ကိုမိသားစုနေအိမ်ကို ၁၁-၉-၂၀၁၈ ရက်နေ့မှာ မြို့နယ်တရားသူကြီးဦးဆောင်တဲ့ ရဲတပ်ဖွဲ့ဝင်များနှင့်တရားလိုများက ကိုယ်တိုင်အင်အားသုံး ဖြိုဖျက် ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေရဲ့ အခန်း(၈) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်း၊ အယူခံခြင်းအခန်း ပုဒ်မ ၂၂ မှာ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်း ဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း ဆုံးဖြတ်ရမယ်လို့ ဆိုထားသလို ပုဒ်မ ၂၃ ပုဒ်မခွဲ(က) မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၂၂ အရချမှတ်သော အမိန့်

သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ အယူခံနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အထက်ပါ လယ်ယာမြေဥပဒေ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၃ တို့အရ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်ကြီးကျေးရွာနေ ဦးအုန်းသွင်လယ်ယာမြေနှင့် ဦးတင်ကို အိမ်ခြံမြေအငြင်းပွားမှုအတွက် စီရင်ပိုင်ခွင့်ရှိသူမှာ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သာ ဖြစ်ကြောင်း သိသာထင်ရှားစေပါတယ်။ သို့အတွက် သနပ်ပင်မြို့နယ် တရားရုံးတော်ရဲ့ တရားမကျင့်ထုံးဥပဒေအရ စီရင်ဆုံးဖြတ်ခြင်းအား ပယ်ဖျက်စေ၍ နစ်နာမှုများအပေါ် ပြန်လည်စိစစ် တည့်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးနိုင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အဆိုပါ မေးခွန်းနှင့်စပ်ဆိုင်တဲ့ သနပ်ပင်မြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၅၉ မှာ တရားလို ဦးအုန်းသွင်(ခ)ဦးဂျော်ဂီက တရားပြိုင်ဦးတင်ကိုနှင့် မကုလားမ(ခ) မစုမာတို့အပေါ်မှာ အခမဲ့ခွင့်ပြု ချက်ဖြင့် နေထိုင်ခွင့်ပြုထားသူများအား ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုခြင်းဖြစ်ပါတယ်။ တရားလိုက ၎င်းပိုင် လုပ်ကိုင်နေသော ကျိုက်ပဒိုင်ကြီးကျေးရွာ ကွင်းအမှတ်(၁၁၄၇-က)၊ မြဘုရား အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ ၂.၃၄ ဧကရှိ လယ်မြေအတွင်းတွင် လွန်ခဲ့သောကိုးနှစ်ခန့်၌ တရားပြိုင်များက အိမ်ဆောက်လုပ်နေထိုင်ခွင့်တောင်းသဖြင့် အခမဲ့နေထိုင်ခွင့်ပြုကြောင်း ၂၆-၅-၂၀၁၅ ရက်နေ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဖယ်ရှားပေးရန်ပြောသော်လည်း ဖယ်ရှား မပေးသောကြောင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုစွဲဆိုလာခြင်းဖြစ်ပါတယ်။ မြို့နယ်တရားရုံးက အချင်းဖြစ်ကွင်းအမှတ်(၁၁၄၇-က)၊ မြဘုရားအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ ၂.၃၄ ဧကရှိ လယ်မြေမှာ တရားလိုအမည်ပေါက် မြေစာရင်းပုံစံ ၁၀၅ ရရှိထားသောမြေဖြစ်ကြောင်း သက်သေ ခံချက်များအရ ယင်းမြေကွက်ပေါ်တွင် တရားလိုက တရားပြိုင်တို့အား အိမ်ဆောက်နေထိုင်ခွင့်ပြုခဲ့ ကြောင်း၊ တရားလိုကဖယ်ရှားခိုင်းရာ တရားပြိုင်က ဖယ်ရှားမပေးကြောင်း သုံးသပ်ကာ ၁၈-၅-၂၀၁၆ ရက်နေ့တွင် တရားလိုအား စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ မြို့နယ်တရားရုံးရဲ့ စီရင်ချက်နှင့်ဒီကရီအပေါ် တရားပြိုင်ဦးတင်ကိုတို့က မကျေနပ်သဖြင့် ပဲခူးခရိုင်တရားရုံး၊ ပဲခူးတိုင်း ဒေသကြီးတရားလွှတ်တော်သို့တိုင် အဆင့်ဆင့်အယူခံတင်သွင်းခဲ့ရာ တရားလွှတ်တော်က ၃၀-၁-၂၀၁၇ ရက်နေ့မှာ အယူခံကို ပလပ်ခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

တရားရုံးအဆင့်ဆင့်မှာရရှိခဲ့တဲ့ အနိုင်ဒီကရီကို အတည်ပြုပေးရန် တရားနိုင်ဦးအုန်းသွင်က သနပ်ပင်မြို့နယ်တရားရုံးမှာ ၂၂-၈-၂၀၁၆ ရက်နေ့မှာ ၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၉ မှာ လျှောက်ထားခဲ့ပါတယ်။ ဇာရီတရားရုံးက မြေအပ်ဝရမ်းထုတ်ဆင့်ရာမှာ တရားရှုံးများက အချင်းဖြစ်မြေကို ပြန်လည်တိုင်းတာပေးရန် သနပ်ပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၉-၆-၂၀၁၇ ရက်စွဲပါ ထောက်ခံစာကိုတင်ပြလျက် ဇာရီတရားရုံးမှာ လျှောက်ထားခဲ့ပါတယ်။ တရားရှုံးရဲ့လျှောက်ထားချက် အပေါ်မှာ နှစ်ဖက်ကြားနာပြီးနောက် တရားရှုံးတို့က တရားနိုင်ဦးအုန်းသွင်အပေါ်မှာ သနပ်ပင်မြို့နယ် တရားရုံး၊ ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၄၇ နဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်အရ ဦးအုန်းသွင်ရရှိထားသော တရားမကြီးမှုအမှတ် ၅၉/၂၀၁၅ အမိန့်ဒီကရီသည် မမှန်မကန်စွပ်စွဲရရှိထား၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု တရားစွဲဆိုခဲ့ပါတယ်။ အဲဒီ တရားစွဲဆိုခဲ့တဲ့အမှုဟာ ပလပ်ခံရပြီးတော့ ပဲခူးခရိုင်တရားရုံးကလည်း အယူခံမှုကို ဆက်ပြီးတော့ အတည်ပြုထားပါတယ်။ တရားမကြီးမှုအမှတ် ၅၉/၂၀၁၅ ရဲ့ဒီကရီအရ မြေအပ်ဝရမ်းဆောင်ရွက်တဲ့ အချိန်တွင်မှ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကွင်းဆင်းချက်အရ မြေပြန်လည်တိုင်းတာပေးရန် လျှောက်ထား၍ ရနိုင်မည်မဟုတ်ကြောင်း ဇာရီမှုတွင် တရားရုံးက ဆောင်ရွက်ပေးနိုင်ခွင့်နှင့် စပ်လျဉ်း၍ တရားမမှုတွင် တရားရုံးကချမှတ်သော ဒီကရီတွင်ပါရှိသည့် ဆုံးဖြတ်ချက်များကို အကျိုးသက်ရောက်စေရေးအတွက် ဆောင်ရွက်ပေးခွင့်ရှိကြောင်း သုံးသပ်ကာ တရားရှုံး၏လျှောက်ထားချက်ကို ပလပ်ကြောင်း ၁၀-၈-၂၀၁၈ ရက်နေ့မှာ အမိန့်ချမှတ်ခဲ့ပါတယ်။ ဇာရီတရားရုံးရဲ့ အဆိုပါအမိန့်အပေါ် တရားရှုံးတို့က ပဲခူးခရိုင်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာ ပြင်ဆင်မှုကို ပလပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဇာရီတရားရုံးက မြေအပ်ဝရမ်းကို အတည်ပြုဆောင်ရွက်ပြီးဖြစ်သဖြင့် ၁၁-၉-၂၀၁၈ ရက်နေ့မှာ ဇာရီမှုကို ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ် တရားမကြီးမှု အမှတ် ၄၇ မှာ တရားလိုဦးတင်ကိုပါ ၂ ဦးတို့က တရားပြိုင် ဦးအုန်းသွင်(ခ)ဦးဂျော်ဂီအပေါ်မှာ တရားမကြီးမှုအမှတ် ၅၉/၂၀၁၅ ရဲ့ဒီကရီသည် မှားယွင်းလှည့်ဖြား မမှန်မကန်ဖော်ပြစွဲဆို၍ ရရှိထားသည့်အမိန့်နှင့်ဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုပါတယ်။ တရားလို ဦးတင်ကိုတို့က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ကွင်းဆင်းတိုင်းတာချက်ကို အကြောင်းပြုပြီး ဤအမှုကို စွဲဆိုခြင်းဖြစ်ပါတယ်။ မြို့နယ်တရားရုံးက ပဏာမငြင်းချက်အရ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ဖြေဆိုဆုံးဖြတ်၍ အဆိုလွှာကို ပယ်ခဲ့ပါတယ်။ ဦးတင်ကိုတို့က ပဲခူးခရိုင်တရားရုံးသို့ ၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ် ၃၂ တင်သွင်းရာ အယူခံမှုကို ပလပ်ခဲ့ပြီး ဖြစ်ပါတယ်။ တရားရုံးတွင် စွဲဆိုခဲ့သည့် အမှုဖြစ်စဉ်များအရ ဦးအုန်းသွင်က တရားမကြီးမှုအမှတ် ၅၉/၂၀၁၅ မှာ အချင်းဖြစ်ဦးပိုင်အမှတ်(၂၇/၄)၊ ဧရိယာ ၂.၃၄ ဧက မြေသည် တရားလိုအမည်ပေါက် မြေစာရင်းပုံစံ ၁၀၅ ရရှိထားကြောင်း ၊ တရားပြိုင်များအား အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်းဖြင့် စွဲဆိုခဲ့ခြင်းဖြစ်ပြီး နောက်ဆုံး တရားလွှတ်တော်အထိ အယူခံရုံးအဆင့်ဆင့်တွင် အနိုင်ဒီကရီရရှိခဲ့ပါတယ်။ တရားလွှတ်တော်က အယူခံမှုကို ၃၀-၁-၂၀၁၇ ရက်နေ့မှာ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ တရားမ ဇာရီမှုကို ၂၂-၈-၂၀၁၆ ရက်နေ့မှာ လျှောက်ထားပြီး အနိုင်ဒီကရီကိုအတည်ပြုရန် ဆောင်ရွက်ဆဲ

အချိန်တွင်မှ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကွင်းဆင်းတိုင်းတာခဲ့သော ၉-၆-၂၀၁၇ ရက်စွဲပါ ထောက်ခံစာကို ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီထောက်ခံစာကို တင်ပြပြီး ဇာရီမှုမှာ ဦးတင်ကိုတို့က ကန့်ကွက်သဖြင့် တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအမိန့်အပေါ်မှာ မကျေနပ်သူ ဦးတင်ကိုတို့က တစ်ဆင့်မြင့်တရားရုံးကို ပြင်ဆင်မှုလျှောက်ထားပြီး အဆုံးအဖြတ်ခံယူခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီထောက်ခံစာကိုအကြောင်းပြုပြီး ဦးတင်ကိုတို့က တရားမကြီးအမှုအမှတ် ၄၇/၂၀၁၇ ကို စွဲဆိုခဲ့ရာမှာ အယူခံရုံးအထိ အမှုရှုံးနိမ့်ခဲ့ပြီးဖြစ်ပါတယ်။ တရားလိုဦးအုန်းသွင်ဟာ တရားမကြီးအမှု အမှတ် ၅၉/၂၀၁၅ ကို စွဲဆိုသည့်နေ့တွင်ပေါ်ပေါက်သော အကြောင်းခြင်းအရာများကို အမှီသဟဲပြုပြီး တရားစွဲဆိုရခြင်းဖြစ်ပါတယ်။ တရားစွဲဆိုပြီးနောက်ပိုင်း ပြောင်းလဲဖြစ်ပေါ်လာသည့် အကြောင်းခြင်းရာ များသည် တရားလို၏အမှုကို ထိခိုက်နစ်နာမှုမရှိနိုင်ပါ။ လယ်ယာမြေဥပဒေပုဒ်မ ၂၂၊ ၂၃ ပါ ပြဋ္ဌာန်းချက်များသည် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကိုဖြေရှင်းခြင်းနှင့် အယူခံခြင်းကိစ္စများ နှင့်သာ သက်ဆိုင်သော ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ အဆိုပါပြဋ္ဌာန်းချက်များအရ လယ်ယာမြေ လုပ်ပိုင်ခွင့်အငြင်းပွားမှုကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဆုံးဖြတ်ခြင်းပြုရမှာဖြစ်ပါတယ်။ ယခုမေးမြန်းချက်နှင့်အတူ ပူးတွဲပေးပို့ခဲ့တဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၉-၆-၂၀၁၇ ရက်စွဲပါ စာမှတ်စာတမ်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအတွက် ဖြေရှင်းဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်၊ အမိန့် မဟုတ်ပါကြောင်း၊ အချင်းဖြစ်မြေကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကွင်းဆင်း စစ်ဆေးပြီး ထောက်ခံချက်အဖြစ် ထုတ်ပေးခဲ့ခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ထို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအပေါ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က လယ်ယာမြေဥပဒေပုဒ်မ ၂၂၊ ၂၃၊ ၂၄၊ ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ဆုံးဖြတ်ခွင့် ရှိပါတယ်။ ယခုအမှုကိစ္စမှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်အငြင်းပွားမှုကို တရားရုံးများက စီရင်ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ပါ။ တရားရုံးတွင်စွဲဆိုသည့် အခမဲ့ခွင့်ပြုချက်ဖြင့်နေသူအား ဖယ်ရှားထွက်ခွာပေးစေလိုမှု၊ မမှန်မကန် စွဲဆိုရရှိထားသည့် အမိန့်ဒီကရီအား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစတဲ့ တရားမမှုများကို စီရင်ဆုံးဖြတ် ပိုင်ခွင့်အာဏာအရ စီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ မူလမြို့နယ်တရားရုံးရဲ့ စီရင်ဆုံးဖြတ်ချက်များ သည် ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ၊ မှန်ကန်မှုရှိ/မရှိကို မကျေနပ်သူအမှုသည်က အထက်တရားရုံး အဆင့်ဆင့်သို့ အယူခံမှု၊ ပြင်ဆင်မှုများတင်သွင်း၍ ဥပဒေအရ အဆုံးအဖြတ်ခံယူခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥပဒေဘွဲ့ရရှိပြီးပုဂ္ဂိုလ်များ ရှေ့နေအလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားရာတွင် နိုင်ငံသားပြုခွင့်ရ နိုင်ငံသားများနှင့် ဧည့်နိုင်ငံသားဥပဒေဘွဲ့ရများအား ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ အပိုဒ်(၃)အရ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်မပြုကြောင်း သိရှိရ ပါသဖြင့် ထိုသို့တင်သွင်းခွင့်မပြုသည့်အတွက် ယင်းဥပဒေဘွဲ့ရများမှာ နစ်နာဆုံးရှုံးနေကြရပါသဖြင့် ၎င်းတို့အတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူး တိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေ့နေအလုပ်သင်အဖြစ် လျှောက်ထားခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်အသီးသီးက ဥပဒေဘွဲ့ရရှိ ပြီးသူများအနေနဲ့ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းကြရာမှာ နိုင်ငံသားပြုခွင့်ရသူ၊ ပြုနိုင်ငံသားနှင့် ဧည့်နိုင်ငံသားဥပဒေဘွဲ့ရသူများဟာ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ များ အပိုဒ် ၃ မှာ ပြည်ထောင်စုနိုင်ငံသားမဟုတ်သူမည်သူကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြု၊ စာရင်းတင်သွင်းခွင့်မပြုရဟူသော ပြဋ္ဌာန်းချက်အရ စာရင်းတင်သွင်းခွင့်ကို ငြင်းပယ်ခြင်းခံနေကြရ ကြောင်း သိရှိရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ အရ ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားများကိုလည်း မြန်မာနိုင်ငံသားများဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိပါ တယ်။ ဒါ့အပြင် ပုဒ်မ ၃၀ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၅၃ ပုဒ်မခွဲ(ဂ)တို့အရလည်း နိုင်ငံတော်ရဲ့ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိသည်လို့ ဖော်ပြထားရှိပါတယ်။ ထို့အပြင် ပုဒ်မ ၇၆ အရ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေတို့ကိုလည်း ရုပ်သိမ်းပြီးဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သင်ရှေ့နေအဖြစ်လျှောက်ထားသူအများစုက တက္ကသိုလ်အသီးသီးကနေ ဥပဒေဘွဲ့ရပြီးခါစလူငယ်၊ လူရွယ်များသာ ဖြစ်ကြပါတယ်။ ၎င်းတို့အနေနဲ့ ဥပဒေပညာသင်တန်းများကို ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားဟူ၍ ခွဲခြားတားမြစ်ထားခြင်းမရှိသော ကြောင့် တက်ရောက်သင်ကြားခွင့်ရရှိခဲ့ကြပြီးမှ ဥပဒေပညာဘွဲ့များကို ရရှိလာပါတယ်။ ဒီလို ရရှိပြီးခါ မှ ဒီပညာရပ်နှင့် အသက်မွေးဝမ်းကျောင်းပြုကြရမယ့်အခါမှ နိုင်ငံသားမဟုတ်သူဆိုက ရှေ့နေ အလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်မရရှိကြခြင်းမှာ လွန်စွာနစ်နာစေပါတယ်။ လူငယ်တို့ရဲ့အလုပ် အကိုင်အခွင့်အလမ်းများကိုလည်း ပိတ်ပင်ရာရောက်နေပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့်တာဝန်များအခန်းမှာ ပုဒ်မ ၃၄၉ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မ ၃၅၂ တို့နှင့်လည်း မညီညွတ်ကြောင်း တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါသောကြောင့် ဥပဒေဘွဲ့ရရှိပြီးပုဂ္ဂိုလ်များ ရှေ့နေအလုပ်သင်အဖြစ်တင်သွင်းခွင့်ပြုရန်လျှောက်ထားရာမှာ နိုင်ငံသား ပြုခွင့်ရနိုင်ငံသားများနှင့် ဧည့်နိုင်ငံသားဥပဒေဘွဲ့ရများအား ၁၉၅၅ ခုနှစ်၊ ရှေ့နေအလုပ်သင်အဖြစ် ဝင်ခွင့်နည်းဥပဒေများ အပိုဒ် ၃ အရ ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်မပြုသောကြောင့် ယင်းဥပဒေဘွဲ့ရများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနေကြရပါသဖြင့် ၎င်းတို့အတွက် မည်သို့စီစဉ်ဆောင်ရွက်ထားရှိသည်ကို နစ်နာသူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးစိုးနိုင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်ပြုရန် လျှောက်ထားလာသူများနှင့်ပတ်သက်ပြီး ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ အပိုင်း(၂) အထက်တန်းရှေ့နေတို့၏အရည်အချင်းများဆိုတဲ့ခေါင်းစဉ်အောက်မှာရှိတဲ့ အပိုဒ် ၃ မှာ ပြည်ထောင်စု မြန်မာနိုင်ငံသားမဟုတ်သူ မည်သူကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းသွင်းခြင်း လည်းမပြုရဟု ပြဋ္ဌာန်းထားတဲ့အတွက် အဆိုပါဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လျှောက်ထားသူသည် နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူဖြစ်ပါက အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းခြင်းနှင့် အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခြင်းတို့ကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ခ)မှာ နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုသည်ဟု လည်းကောင်း၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာ ဧည့်နိုင်ငံသားဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ဧည့်နိုင်ငံသားကိုဆိုသည်ဟုလည်းကောင်း၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာ နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ ဤဥပဒေအရသတ်မှတ်သော နိုင်ငံသားပြုခွင့်ရသူကိုဆိုသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ယင်းဥပဒေပုဒ်မ ၂၄ နှင့် ၄၆ တို့မှာ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့သတ်မှတ်ထားသော အဖွဲ့အစည်းရှေ့သို့ ကိုယ်တိုင်လာရောက်ပြီး နိုင်ငံတော်၏သစ္စာကို ခံယူကြောင်း၊ နိုင်ငံတော်၏ဥပဒေကို ရိုသေလိုက်နာမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောတာဝန်နှင့် အခွင့်အရေးများကို သိရှိကြောင်း စာဖြင့်ရေးသား၍ ကတိသစ္စာပြုထားသူများဖြစ်ပါသည်ဟု ဖော်ပြထားပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ကန့်သတ်ထားသော အခွင့်အရေးသတ်မှတ်ချက်များကို ဧည့်နိုင်ငံသားပြုခွင့်ရသူများနှင့် နိုင်ငံသားများမှ လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၇ မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်။ တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ အပိုဒ် ၃ ပါ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းတင်သွင်းခြင်းလည်းမပြုရဟု ပြဋ္ဌာန်းချက်မှာ တည်ဆဲ

နည်းဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူများကိုသာ အလုပ်သင်ရှေ့နေ အဖြစ် စာရင်းတင်သွင်းခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ အလျဉ်းသင့်လို့တင်ပြရမယ်ဆိုပါလျှင် ဧည့်နိုင်ငံသား များအား အလုပ်သင်ရှေ့နေအဖြစ်လျှောက်ထားခွင့်နှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ နှင့် အမေရိကန်ပြည်ထောင်စုတို့တွင်လည်း အလုပ်သင်ရှေ့နေအဖြစ် လျှောက်ထားခွင့်မရှိကြောင်း စိစစ်လေ့လာတွေ့ရှိရပါတယ်။ သို့ပါ၍ နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများက ရှေ့နေ အလုပ်သင်အဖြစ် တင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်းကို ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့် နည်းဥပဒေအရ ဆောင်ရွက်ခွင့်မရှိခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ယခုမေးခွန်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင် နှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တို့ကလည်း အလားတူအဆိုတင်သွင်း မေးမြန်းမှုများရှိခဲ့ပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တင်ပြပါအတိုင်း အသီးသီး ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးမြစိန်(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်ဖြစ်ပါတယ်။ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်သို့ ကော်မတီကိုယ်စား တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းရတဲ့ရည်ရွယ်ချက်မှာ (၁) စုစည်းမှုမရှိသော အိမ်ခြံမြေအကျိုးဆောင်များနှင့်အဖွဲ့များစနစ်တကျ တစ်စုတစ်စည်းတည်းဖြစ်စေရန်၊ (၂) အကျိုးဆောင်လုပ်ငန်းများလုပ်ကိုင်နေသူများထံမှလည်းကောင်း၊ ရောင်းသူများ၊ ဝယ်သူများ၊ အငှားချထားသူများထံမှလည်းကောင်း နိုင်ငံတော်အတွက် အခွန်ငွေကောက်ခံရရှိစေရန်၊ (၃)ဥပဒေနဲ့ညီသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်လာစေရန် ရည်ရွယ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဖော်ပြရပါက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များအောက်ရှိ ပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ဖော်ပြထားရာ အခွန်လွတ်နေသော အကျိုးဆောင်လုပ်ငန်းများကို စုစည်းရန်လိုအပ်ကြောင်း ဖော်ပြလိုပါတယ်။ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်ပတ်သက်၍ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အခြားသက်ဆိုင်သည့်အဖွဲ့အစည်းများပူးပေါင်း၍ ရှစ်ကြိမ်ဆွေးနွေးပြီး ကော်မတီသို့ ၇-၂-၂၀၁၈ ရက် ရက်စွဲပါစာအမှတ်၊ ၀၃/ပထစ(ကမရ-၁)/၂၀၁၉-၁၈၁ ဖြင့် ပေးပို့လာခဲ့ပါတယ်။ ကော်မတီသည် မြန်မာနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းနဲ့ ၂၁-၂-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းနဲ့ ၂၇-၂-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ၆-၃-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ တွေ့ဆုံညှိနှိုင်းပြီး အဖွဲ့အသီးသီးမှ ဥပဒေအကြံဉာဏ်များ တောင်းခံခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညှိနှိုင်းဆွေးနွေးချက်များအရ ကော်မတီဥက္ကဋ္ဌမှ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်သို့ ၅-၆-၂၀၁၈ ရက် ရက်စွဲပါစာအမှတ်၊ ၀၄/ပသ

(ကမတ-ပို့ဆက်ဆောက်)၁၅/၂၀၁၈- ၈၄ ဖြင့် ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပိုမိုပြည့်စုံရန် ၂၃-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၃၄၁ ဖြင့် ပြန်လည်ပေးပို့ခဲ့ပါတယ်။ ပြန်လည်ပေးပို့ချက်အပေါ်ကို ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ အစည်းအဝေးပြန်လည်ကျင်းပပြီး ၁၈-၉-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၀၅/ပသ(ကမတ-ပို့ဆက်ဆောက်)၁၅/၂၀၁၈- ၁၂၉ ဖြင့် ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းအား လွှတ်တော်မှ လက်ခံစဉ်းစားပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၈၅ အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၂၈

ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၁၉၅)/ပထစ - ၂၀၁၈

ပြည်ထောင်စုလွှတ်တော်ရုံးက အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ပါရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို စုစည်းမှုမရှိသော အိမ်ခြံမြေအကျိုးဆောင်နှင့် အကျိုးဆောင်အဖွဲ့များကို စနစ်တကျ တစ်စုတစ်စည်းတည်းဖြစ်စေရန်နှင့် နိုင်ငံတော်မှ အခွန်ငွေရရှိရန် ရည်ရွယ်၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာစိစစ်တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၇-၇-၂၀၁၈ ရက် (အင်္ဂါနေ့)၊ ၂၃-၈-၂၀၁၈ ရက် (ကြာသပတေးနေ့)နှင့် ၁၈-၁-၂၀၁၉ ရက် (သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၁၉-၁-၂၀၁၉ ရက် (စနေနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ

**မူကြမ်း**

တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေတင်ပြပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅ / ပသ (ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၉-

ရက်စွဲ ၊ ၂ ၀ ၁ ၉ ခု နှ စ်၊ ဇန်နဝါရီ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၉၅)/ ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် အိမ်ခြံမြေ ဝန်ဆောင်မှုဥပဒေကြမ်းကို စုစည်းမှုမရှိသော အိမ်ခြံမြေအကျိုးဆောင်နှင့် အကျိုးဆောင်အဖွဲ့များကို စနစ်တကျတစ်စုတစ်စည်းတည်းဖြစ်စေရန်နှင့် နိုင်ငံတော်မှ အခွန်ငွေရရှိရန်ရည်ရွယ်၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၇-၇-၂၀၁၈ ရက် အင်္ဂါနေ့၊ ၂၃-၈-၂၀၁၈ ရက် ကြာသပတေးနေ့နှင့် ၁၈-၁-၂၀၁၉ ရက် သောကြာနေ့တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၁၉-၁-၂၀၁၉ ရက် စနေနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး

**မူကြမ်း**

ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်းတွင် အခန်း(၁၃)ခန်းနှင့် အပိုဒ်ပေါင်း ၃၃ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးရှိ ၂၀၁၈ ခုနှစ် ဆိုသည့် စကားရပ်ကို ၂၀၁၉ ခုနှစ် ဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း(၁) အပိုဒ်(၂) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့တွင် စတင်အာဏာတည်ရမည်။

(ဃ) အပိုဒ် ၃ အပိုဒ်ခွဲ(က)ရှိ ကွန်ဒို ဆိုသည့်စကားရပ်ကို စုပေါင်းပိုင်အဆောက်အအုံ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း ဆိုသည့်စကားရပ်ကို တစ်နည်းနည်းအားဖြင့်လွှဲပြောင်းခြင်း ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ဝန်ဆောင်မှုပေးသူ ဆိုသည်မှာ လိုင်စင်ရရှိပြီး အိမ်ခြံမြေဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ပေးသောပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(စ) အပိုဒ် ၃ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(င) ဝယ်ယူသူဆိုသည်မှာ မူလပိုင်ရှင် သို့မဟုတ် တရားဝင်ရောင်းချခွင့်ရှိသူ ထံမှ တိုက်ရိုက်ဖြစ်စေ၊ အကျိုးဆောင်မှတစ်ဆင့်ဖြစ်စေ အဖိုးစားနားပေး၍ ဝယ်ယူသူကို ဆိုသည်။

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ(ဈ)ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အိမ်ခြံမြေ ဝန်ဆောင်မှု စီမံခန့်ခွဲရေး ကော်မတီကို ဆိုသည် ဟုပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(ည)နှင့် (ဋ) တို့ရှိ ဥပဒေနှင့်အညီ ဆိုသည့်စကားရပ်ကို ဤဥပဒေနှင့်အညီ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၃ အပိုဒ်ခွဲ(ဌ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဌ) ဝန်ဆောင်မှုရယူသူ ဆိုသည်မှာ မိမိ၏ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသော အိမ်ခြံမြေတစ်ခုခုနှင့်ပတ်သက်၍ အိမ်ခြံမြေဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်တစ်ဦး အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုထံမှ ဝန်ဆောင်မှုအတွက် အဖိုးစားနားပေး၍ အပ်နှံသူကို ဆိုသည်။

(ဈ) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွန်းလာစေရန်နှင့် သင့်တင့်မျှတသော အခွန်အခများ ရရှိလာစေရန်၊

(ည) အပိုဒ် ၄ အပိုဒ်ခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) အိမ်ခြံမြေဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ဋ) အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်ရေးဗဟိုကော်မတီကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနနှင့် စည်ပင်သာယာရေးကော်မတီများမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အိမ်ခြံမြေဝန်ဆောင်မှုကဏ္ဍမှ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

( ဌ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို အိမ်ခြံမြေဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးကြပ်ခြင်း ဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)ရှိ သင်တန်းအမျိုးအစား၊ သင်တန်းအောင်မြင်မှုအဆင့် အတန်းစသည်တို့ကို ဆိုသည့်စကားရပ်ကို သင်တန်းအမျိုးအစား စသည်တို့ကို ဟု ပြင်ဆင်ပါသည်။

( ဎ) အပိုဒ် ၆ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(င) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများအား စိစစ်၍ အသိအမှတ်ပြုခြင်းနှင့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း၊ အောင်လက်မှတ်ထုတ်ပေးခြင်း၊

(ဏ) အပိုဒ် ၆ အပိုဒ်ခွဲ(စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာစောင့်ထိန်းရမည့်စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊

(တ) အပိုဒ် ၆ အပိုဒ်ခွဲ(ဇ)ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၆ အပိုဒ်ခွဲ(ဈ)ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းများအား ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက စစ်ဆေးခြင်း ဟု ပြင်ဆင်ပါသည်။

( ဒ) အခန်း(၄)ခေါင်းစဉ်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ဟု ပြင်ဆင်ပါသည်။

( ဓ) အခန်း(၄) အပိုဒ် ၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေး ကော်မတီအသီးသီးကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဝင်တစ်ဦး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး တစ်ဦး | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (၃) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ | အဖွဲ့ဝင် |
| (၅) | ဌာနမှူး၊ နေပြည်တော်၊ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |

(၆) အိမ်ခြံမြေဝန်ဆောင်မှုကဏ္ဍမှသင့်လျော်သော ပုဂ္ဂိုလ် အဖွဲ့ဝင် တစ်ဦး

(၇) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် အတွင်း ပြည်နယ်မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ရေးမှူး ညွှန်ကြားရေးမှူး

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

( န) အပိုဒ် ၈ ခေါင်းစဉ်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်- ဟုပြင်ဆင်ပါသည်။

( ပ) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ရှိ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းများ ဆိုသည့်စကားရပ် ကို အိမ်ခြံမြေ ဝန်ဆောင်မှုကဏ္ဍ ဟု ပြင်ဆင်ပါသည်။

( ဖ) အပိုဒ် ၈ အပိုဒ်ခွဲ(င) (စ) (ဆ) (ဇ) နှင့် (ဈ) တို့ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(င) ယာယီလိုင်စင် လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ယာယီ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းစေ၍ ပြန်လည်လျှောက်ထားခွင့်ပြုခြင်း၊

(စ) အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သင်တန်းများကို ကြီးကြပ်ခြင်း၊

(ဆ) လိုင်စင်လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းစေ၍ ပြန်လည်လျှောက်ထားခွင့်ပြုခြင်း၊

(ဇ) ဝန်ဆောင်မှုပေးသူအား တိုင်ကြားလာပါက မှန်ကန်မှုရှိမရှိ စိစစ်ဆုံးဖြတ် ခြင်းနှင့် လိုအပ်သောအရေးယူမှုများ ဆောင်ရွက်ခြင်း၊

(ဈ) လိုင်စင် သို့မဟုတ် ယာယီလိုင်စင် စည်းကမ်းဖောက်ဖျက်ကြောင်း စိစစ် တွေ့ရှိလျှင်လိုင်စင်ကို ကန့်သတ်ထားသည့်ကာလအတွင်း ယာယီရပ်ဆိုင်း ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်း၊

( ဗ) အပိုဒ် ၈ အပိုဒ်ခွဲ(ည)နှင့်(ဋ) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

(ည) လိုင်စင်နှင့် ယာယီလိုင်စင်တို့အတွက် လိုင်စင်ကြေးနှင့် လိုင်စင်စည်းကမ်း များ သတ်မှတ်ပေးခြင်း၊

**မူကြမ်း**

(ဋ) ဗဟိုကော်မတီက ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

(ဘ) အခန်း(၅) အပိုဒ် ၁၀ အပိုဒ်ခွဲ(က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

( ခ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ များ၊

( မ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ပါသည်။

(ယ) အခန်း(၆) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ဝန်ဆောင်မှုကို ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူတို့ သဘောတူထားသည့် နှုန်းထားအတိုင်းသာ ဆောင်ရွက်ရမည်။

( ရ) အခန်း(၇) အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)ရှိ လိုအပ်ချက်များကို ဆိုသည့်စကားရပ်ကို လိုအပ်သည်များကို ဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)ရှိ သင်ပုန်း တစ်ခုခုတွင်ဖြစ်စေ ဆိုသည့်စကားရပ်ကို ကြော်ငြာသင်ပုန်း တစ်ခုခုတွင်ဖြစ်စေ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(င)ရှိ ၎င်း၏ ကိုယ်စား ဆိုသည့်စကားရပ်ကို ယင်း၏ကိုယ်စား ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( ဝ) အပိုဒ် ၁၃ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က) ရယူထားသော ဝန်ဆောင်ခအပေါ်တွင် နိုင်ငံတော်သို့ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(သ) အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ) ကို အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

( ဂ) အိမ်ခြံမြေဝန်ဆောင်မှုတွင် သဘောတူညီထားသော နှုန်းထား ထက်ပို၍ သတ်မှတ်ခြင်းမပြုကြောင်း တာဝန်ခံရမည်။

(ဟ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ) နှင့် (င) တို့ကို အပိုဒ်ခွဲ(င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ရောင်းချခြင်းသို့မဟုတ် ငှားရမ်းခြင်းပြုမည့် အိမ်ခြံမြေကို ဝယ်ယူငှားရမ်းမည့်သူအား လိုက်လံပြသ ပေးရမည်။

(စ) ဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းခြင်း ပြုမည့်သူအား ဝန်ဆောင်မှု ရယူသူ နှင့် ဆက်သွယ် ညှိနှိုင်းပေးရမည်။

( ဠ) အပိုဒ် ၁၃ အပိုဒ်ခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဇ) ဝန်ဆောင်မှုရယူသူမှ မိမိရရှိသော ဝင်ငွေပေါ်တွင် နိုင်ငံတော်သို့ အခွန်ပေးသွင်းရန် တာဝန်ရှိသည်။

(အ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ) ကို အပိုဒ်ခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) ဝန်ဆောင်မှုပေးသူက ဝန်ဆောင်မှုရယူသူ၊ ဝယ်ယူသူနှင့် ငှားရမ်းသူများအား အခွန်အခကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြိုတင်အသိပေးရမည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဇ)ကို ပယ်ဖျက်ပါသည်။

( - ) အဆိုပြုပြင်ဆင်ချက် အခန်း(၈) အပိုဒ် ၁၄ အပိုဒ်ခွဲ(င) (စ) နှင့် (ဆ) တို့ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၉) ခေါင်းစဉ်ကို မှတ်ပုံတင်ခြင်း၊ ယာယီလိုင်စင်နှင့် လိုင်စင်လျှောက်ထားခြင်း ဟုပြင်ဆင်ပါသည်။

( - ) အခန်း(၉) အပိုဒ် ၁၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ယာယီလိုင်စင်ရရှိသူသည် သုံးနှစ်သက်တမ်းကာလအတွင်း ဗဟိုကော်မတီက ကြီးမှူးကျင်းပသော အရည်အချင်းစစ် စာမေးပွဲကိုအောင်မြင်ပြီးနောက် လိုင်စင်လျှောက်ထားနိုင်သည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၈ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၁၀) အပိုဒ် ၂၀ ကို အပိုဒ် ၁၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လိုက်နာဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ကို ဆောင်ရွက်ရမည် ဟု ပြင်ဆင် ပါသည်။

( - ) အဆိုပြုပြင်ဆင်ချက် အခန်း(၁၁) အပိုဒ် ၂၁၊ ၂၂၊ ၂၃၊ ၂၄ နှင့် ၂၅ တို့ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၁၂)ကို အခန်း(၁၁) အဖြစ် ပြစ်မှုနှင့် ပြစ်ဒဏ်များ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ မည်သူမဆို ယာယီလိုင်စင် သို့မဟုတ် လိုင်စင်မရှိဘဲ အသက်မွေးဝမ်းကျောင်းအဖြစ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပို သောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

( - ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၇ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၁၃) ကို အခန်း(၁၂) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ ယာယီလိုင်စင် သို့မဟုတ် လိုင်စင်ရရှိထားသူသည် လိမ်လည်မှုတစ်ရပ်ရပ် ကို ကျူးလွန်ကြောင်း တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ၎င်းရရှိထား သော ယာယီလိုင်စင် သို့မဟုတ် လိုင်စင်ကို ရုပ်သိမ်းခြင်းခံရမည်။

( - ) အပိုဒ် ၃၀ ကို အပိုဒ် ၂၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စီစဉ်ဆောင်ရွက်နိုင်သည် ဆိုသည့်စကားရပ်ကို တည်ဆဲဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၁ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၃ ကို အပိုဒ် ၂၅ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က) ရှိ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ဆိုသည့်စကားရပ်ကို နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ဗဟိုကော်မတီနှင့် ဝန်ကြီးဌာန သည် ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက တင်သွင်းသည့် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁-၂-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့

(၂၇-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၀ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပြီး အဆိုကို အကြံပြုထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှစ်လတ်စီမံကိန်းကို ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်ဝင်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင်ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာဈေးကွက်သို့ ချဲ့ထွင်နိုင်ဖို့ဆိုရင် သက်ဆိုင်ရာကဏ္ဍများမှာပါဝင်တဲ့ Stakeholder များနှင့် အကျိုးသက်ဆိုင်သူအားလုံး ဟန်ချက်ညီညီ စီးပွားရေးဆိုင်ရာအသိပညာ၊ ဉာဏ်အမြော်အမြင်တို့ဖြင့် ရိုးသားကြိုးစားကြရမှာဖြစ်ပါတယ်။ ကုန်သွယ်မှုမူဝါဒနှင့်အဖွဲ့အစည်းများအခန်းကဏ္ဍအောက်မှာ မြန်မာနိုင်ငံကုန်သွယ်မှုသံမှူးများနှင့် ကုန်သွယ်မှုဆိုင်ရာအကြံပေးသူများရဲ့စွမ်းရည်များကို မြှင့်တင်ပေးရန်၊ သတင်းအချက်အလက်များ မျှဝေခြင်းကို တိုးမြှင့်ရန်အတွက် ICT စနစ်နှင့် စာရင်းစုဆောင်းထိန်းသိမ်းခြင်းစနစ်တည်ဆောက်ရန်၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမျှတသောယှဉ်ပြိုင်မှုပိုမိုရရှိစေရန်အတွက် စည်းမျဉ်း၊ စည်းကမ်း တင်းကြပ်ကန့်သတ်မှုများအား လျှော့ချရန်နှင့် ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ရန်၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာစာချုပ်စာတမ်းများနှင့် သက်ဆိုင်တဲ့နည်းပညာများအား သင်တန်းပို့ချရန်၊ အာဆီယံဆိုင်ရာအမျိုးသားအဆင့်ကုန်သွယ်ရေးလုံခြုံမှုထိန်းသိမ်းရေးဌာန တည်ထောင်ရေးပေါ်တွင် ချမှတ်ထားတဲ့ ကုန်သွယ်မှုနှင့်အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ်မှာ ရှင်းလင်းပြတ်သားတဲ့လမ်းညွှန်ချက်များ ထုတ်ဝေရန်နှင့် ဝန်ဆောင်မှုဆိုင်ရာကုန်သွယ်မှုမှာ အစိုးရပုဂ္ဂလိက ဆွေးနွေးပွဲများ တိုးမြှင့်ရန် စသည်တို့ကို ဆောင်ရွက်ပေးဖို့၊ ဆောင်ရွက်ကြဖို့လိုပါတယ်။ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအခန်းကဏ္ဍအောက်မှာ WTO ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးစာချုပ်စာတမ်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးစာချုပ်စာတမ်းနှင့် ကုန်ပစ္စည်းရှင်းလင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ရန်အတွက် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်သူများအပါအဝင် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးဆိုင်ရာကော်မတီတစ်ခုကို တည်ထောင်ရန်၊ ကုန်သွယ်မှုမှာ မှောင်ခိုဈေးကွက်အား လျှော့ချရန်အတွက် နယ်စပ်ဒေသနှင့် ကုန်းတွင်းရှိ ဝန်ထမ်းအင်အားကို တောင့်တင်းခိုင်မာအောင် ပြုလုပ်ပေးရန်၊ ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများအကောက်အခွန်ရှင်းလင်းရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ စာရွက်စာတမ်းများ ပြင်ဆင်ခြင်း၊ ကုန်ပစ္စည်းများ ကိုင်တွယ်

ခြင်း၊ အာမခံနှင့်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများစတဲ့ ဝန်ဆောင်ခပေးတဲ့ အသက်မွေးဝမ်းကျောင်း ပညာများ သင်တန်းပေးရန်၊ လေကြောင်းနှင့်ရေကြောင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအား နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် ပြင်ဆင်ရန်၊ အကောင်အထည်ဖော်မည့်နည်းလမ်း ပေါင်းစုံပါဝင်သည့် သယ်ယူပို့ဆောင်ရေးမဟာစီမံကိန်းတစ်ခု တည်ထောင်ရန်စသည်တို့ကို ဆောင်ရွက်ပေးဖို့၊ ဆောင်ရွက်ကြဖို့ လိုပါတယ်။

အရည်အသွေးမြှင့်အခြေခံအဆောက်အဦနှင့် စံချိန်စံညွှန်းအခန်းကဏ္ဍအောက်မှာ ဓာတ်ခွဲခန်း များအား အဆင့်မြှင့်တင်ရန်၊ ပိုးမွှားနှင့် ရောဂါထိန်းချုပ်ရေးအစီအစဉ်တစ်ခုဖော်ထုတ်ချမှတ်ရန်၊ အပင်များတွင် ပိုးမွှားဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေး တို့အတွက် ဆောင်ရွက်ရန် စသည်တို့ကို ဆောင်ရွက်ပေးဖို့၊ ဆောင်ရွက်ကြဖို့ လိုပါတယ်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍအောက်မှာ မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းဝန်းကျင်ရဲ့အရည် အသွေးတိုးမြှင့်ရန်အတွက် အများပါဝင်တဲ့ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီမံကိန်း တစ်ခု ထုတ်ပြန်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ တွဲဖက်လုပ်ငန်းများအတွက် နည်းပညာဖြန့်ဝေပေးနိုင်ရန်၊ နိုင်ငံခြားသားလုပ်ငန်းများ အားပေးရန်အတွက် မက်လုံးများဖန်တီးရန်၊ နိုင်ငံရပ်ခြားတွင် အလုပ် လုပ်ကိုင်လျက်ရှိသည့် မြန်မာများအတွက် ပြည်တွင်းစီးပွားရေးတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှုလွယ်ကူ စေရေးဆောင်ရွက်ပေးရန်၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအား တိုးမြှင့်ရန်၊ ပြည်တွင်းလုပ်ငန်း များမှာ နိုင်ငံခြားသားပိုင်ဘဏ်များအား အသုံးပြုခွင့်ချပေးရန်၊ ကုန်သွယ်မှုဘဏ္ဍာရေးဆိုင်ရာ အထောက်အကူများအား ဈေးကွက်ပေါက်ဈေးဖြင့် ပံ့ပိုးပေးနိုင်ရန်အတွက် ဘဏ်များရဲ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အလေ့အထများအား ပြန်လည်သုံးသပ်ရန်၊ မြန်မာနိုင်ငံမှ နိုင်ငံတကာ ကုန်သွယ်မှုတွင် ဝင်ရောက်ခြင်းကို ပိုမိုခိုင်မာစေရန်အတွက် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ အမျိုးသားဘဏ် တစ်ခုကိုတည်ထောင်ရန်အတွက် ဥပဒေပြဋ္ဌာန်းရန် စသည်တို့ကို ဆောင်ရွက်ပေးဖို့၊ ဆောင်ရွက်ကြဖို့ လိုပါတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမျိုးမျိုးထုတ်လုပ်ရေးအခန်းကဏ္ဍ အောက်မှာ နိုင်ငံရဲ့ဆန်စပါးအရည်အသွေး အလုံးစုံမြှင့်တင်ရေးအတွက် စက်ရုံလုပ်ငန်းအသေးများ အား နည်းပညာဖြန့်ဝေပေးရန်၊ စာချုပ်ဖြင့် လယ်ယာလုပ်ငန်းလုပ်ခြင်းအတွက် အဖြေရှာသည့် သင်တန်းကျောင်းများ ဖွင့်လှစ်ရန်၊ ကျေးလက်အဆင့်တွင် အခြောက်ခံစက်များ၊ ဂိုဒေါင်များ တည်ထောင်နိုင်ရေးအထောက်အကူပေးရန်၊ ပဲအမျိုးမျိုး၊ နှမ်းနှင့် ဆီထွက်သီးနှံများအတွက် ရွေးချယ် ထားတဲ့ဈေးကွက်များသို့ ကုန်သွယ်မှုညှိနှိုင်းရေးခရီးစဉ်များ ပိုမိုဆောင်ရွက်ရန်နှင့် တံဆိပ်ခေါင်းတစ်ခု တည်ဆောက်ရန်၊ မြန်မာ့ပဲအမျိုးမျိုး၊ နှမ်းနှင့်ဆီထွက်သီးနှံများအသင်းအား မတူကွဲပြားသော ပါဝင် သူများ ကိုယ်စားပြုနိုင်ရန်အတွက် ၎င်းရဲ့ပြဋ္ဌာန်းချက်ကို ချဲ့ထွင်ရန်၊ အထွက်နှုန်းနှင့် အရည်အသွေး မြှင့်မျိုးစိတ်သစ်များ ဖော်ထုတ်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးတို့ကို တိုးမြှင့်ရန်၊ ကုန်တွင်းမှ ဖြစ်စေ၊ ရေကြောင်းမှဖြစ်စေ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု Quota အား သက်ဆိုင်ရာမှတစ်ဆင့် ဆွေးနွေးရန်၊ မြန်မာ့ပြောင်းအသင်းရဲ့ရေရှည်စီမံကိန်း၌ ကိုက်ညီမှုရှိပြီး ပို့ကုန်အတွက် လိုအပ်တဲ့ ပံ့ပိုး သည့်အရာများတွင် ရင်းနှီးမြှုပ်နှံရန်၊ ပို့ကုန်အမျိုးမျိုးချဲ့ထွင်ခြင်းနှင့် ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်တွင် စွမ်းရည်မြှင့်တင်ရန်၊ ပို့ကုန်အတွက် မဟာဗျူဟာမြောက်သစ်သီးဝလံနှင့် ဟင်းသီး

ဟင်းရွက်များ ဖော်ထုတ်ရန်၊ အမျိုးသားအဆင့်မျိုးစေ့အသင်းဖန်တီးရန်၊ လက်ကားကဏ္ဍကို ကိုယ်စားပြုတဲ့ အသင်းတစ်ခု ဖန်တီးရန်၊ ကုန်စည်ပြပွဲများတွင်ပါဝင်ရန်၊ နိုင်ငံတကာဈေးကွက်များတွင် အောင်မြင်စွာယှဉ်ပြိုင်နိုင်ရန်အတွက် ငါးလုပ်ငန်းဆိုင်ရာထုတ်ကုန်ပစ္စည်းများရဲ့တံဆိပ်ခေါင်းရရှိမှုကို တည်ဆောက်ရန်၊ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အားသာပေးတဲ့ဥပဒေအသစ်များ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ရန်၊ ဝက်၊ အမဲ၊ ဆိတ်စတဲ့အသားများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဈေးကွက်စီးပွား ရေးစနစ်နှင့်အညီ ယှဉ်ပြိုင်ထုတ်လုပ်နိုင်ရန်အတွက် စည်ပင်သာယာရေးကော်မတီများက ကျင့်သုံးနေတဲ့ သားသတ်လိုင်စင်လေလံစနစ်ကို ဖျက်သိမ်းရန်စသည်တို့ကို ဆောင်ရွက်ပေးဖို့၊ ဆောင်ရွက်ကြဖို့ လိုပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတာကတော့ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာအဆိုကို အကြံပြုထောက်ခံ ဆွေးနွေးလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကိုလေ့လာကြည့်တဲ့အခါမှာ အပိုင်းသုံးပိုင်း တွေ့ရပါတယ်။ (၁)က ကမ္ဘာ့ဈေးကွက်ဝင်သီးနှံနှင့် သား၊ ငါးတွေထုတ်လုပ်ဖို့၊ (၂)ကတော့ တန်ဖိုးမြှင့်ထုတ်ကုန်တွေဖြစ်ဖို့၊ (၃)အချက်ကတော့ ဈေးကွက်ချဲ့ထွင်ဖို့ပဲ ဖြစ်ပါတယ်။ ဈေးကွက်က လိုလားတဲ့ ဈေးကွက်ဝင်သီးနှံ၊ သား၊ ငါးများထုတ်နိုင်ဖို့က ပထမအချက်အနေနဲ့ အလွန်အရေးကြီးပါတယ်။ အဲဒီအတွက် ဈေးကွက် Information သတင်းအချက်အလက်တွေဟာ အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်သူတွေ သိရှိနေရန် လိုအပ်ပါတယ်။ သတင်းတွေကို ရှာဖွေဖြန့်ဝေပေးတာ၊ အသိပညာပေးတာတွေကို ဆောင်ရွက်ပေးသင့်ပါတယ်။ ဈေးကွက်လိုအပ်ချက် အရ တောင်းဆိုတဲ့ကုန်ပစ္စည်းတွေကို ထုတ်လုပ်နိုင်လို့ရှိရင် ရောင်းသူဈေးကွက်ဖြစ်လို့ တစ်ပန်းသာပါ တယ်။ အဲဒီလိုပဲ ဈေးကွက်ထဲ ကုန်ပစ္စည်းတွေ အလျှံပယ်ဖြစ်နေမယ်။ မမျှော်လင့်ဘဲဈေးကွက်ပျက် မယ်ဆိုရင်လည်း ထိန်းထားနိုင်ဖို့ ဂိုဒေါင်တွေများစွာ လိုအပ်မှာဖြစ်သလို သီးနှံအာမခံစနစ်တွေလည်း ရှိရပါမယ်။ အဲဒီအတွက် ငွေကြေးအရင်းအနှီးများလည်း များစွာလိုအပ်ပါတယ်။ ဒါမှသာ တောင်သူ လယ်သမားတွေ မနစ်နာရအောင် အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေဖြင့် တန်ဖိုးမြှင့်ထွက်ကုန်များထုတ်လုပ်ရန် ဖြစ်ပါတယ်။ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ရရှိရေးက စရပါမယ်။ အထွက်နှုန်းကောင်း၊ အရည်အသွေးမြင့်မျိုးစေ့များ အား လုံလောက်စွာရရှိရန် ခက်ခဲတာလည်း တွေ့ရပါတယ်။ မျိုးစေ့ကောင်းမှလည်း အထွက်နှုန်း ကောင်း၊ တွက်ခြေကိုက်ပြီးတော့ အရည်အသွေးမြင့်တဲ့ကုန်ကြမ်းတွေရမှာ ဖြစ်ပါတယ်။ ကုန်ကြမ်း ကောင်းမှလည်း ကုန်ချောကောင်းမှာ ဖြစ်ပါတယ်။ မျိုးစေ့သုတေသနလုပ်ငန်းတွေ၊ မျိုးစေ့ထုတ်လုပ် ရေးလုပ်ငန်းတွေမှာ ပိုမိုပြီးတော့ ရင်းနှီးမြှုပ်နှံဖို့၊ ပညာရှင်တွေ မွေးထုတ်ဖို့လည်း လိုအပ်ပါမယ်။ ကိုယ့် နိုင်ငံမှာ စိုက်ပျိုးမယ့်မျိုးစေ့အလုံအလောက်ကို နိုင်ငံအတွင်းမှာပဲ ထုတ်နိုင်အောင်လို့ ရည်မှန်းကြိုးစား ရမှာဖြစ်သလို စားကုန်များ ထုတ်လုပ်ရာမှာလည်း Food Safety ရှိရန်လည်း လိုအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ပို့ကုန်အချို့မှာ ဓာတ်ကြွင်းတွေပါဝင်နေတယ်လို့လည်း တစ်ခါတရံသတင်းဆိုးတွေ ကြားနေရပါတယ်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဝါးတွေကို စနစ်တကျသုံးစွဲနိုင်ရန်လိုသလို အခု ခေတ်စားလာနေတဲ့ အော်ဂဲနစ်သီးနှံတွေကိုလည်း ပိုမိုစိုက်ပျိုးဖို့လိုအပ်မှာဖြစ်ပါတယ်။ အရည်အသွေး မြင့်သီးနှံများထွက်ရှိရန် စတင်ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့တာကအစ စနစ်တကျ နည်းပညာသုံး ခေတ်မီစက်ယန္တရားတွေနဲ့ဆောင်ရွက်ဖို့ လိုအပ်လာပါတယ်။ ကြိတ်ခွဲရာမှာလည်း အဆင့်မြင့်ကြိတ်ခွဲစက်များနှင့် ကြိတ်ခွဲရန်လိုအပ်ပါတယ်။ အဲဒီအတွက် အဆင့်မြင့်ဆန်စက်တွေ၊ ကြိတ်ခွဲထုပ်ပိုးစက်တွေလည်း လိုအပ်မှာဖြစ်ပါတယ်။ မွေးမြူရေးထုတ်ကုန်သား၊ ငါးများအတွက်လည်း အရင်းအနှီးနည်းပညာနှင့် အဆင့်မြင့်စက်ရုံများ တည်ဆောက်ရန် ရင်းနှီးရန် လိုအပ်ပါမယ်။ ဒါမှ သာ အဆင့်မြင့်တဲ့ကုန်ချောများအဖြစ် တင်ပို့လာနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရနှင့် အသင်းအဖွဲ့တွေရော၊ ပုဂ္ဂလိကအလိုက်ပါ ဈေးကွက်ချဲ့ထွင် နိုင်ရေးကိုလည်း မဟာဗျူဟာ၊ နည်းဗျူဟာအရ ချမှတ်ပြီးတော့ဆောင်ရွက်ရန် တတိယအချက်အနေနဲ့ လိုအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ပကို ဆန်တန်ချိန် ၃.၅ သန်းကျော်တင်ပို့နိုင်ပြီးတော့ နှစ် ၈၀ ခန့်အတွင်းမှာ စံချိန်ကို ပြန်ရလာတယ်လို့ သိရပါတယ်။ နိုင်ငံပေါင်း ၆၀ ခန့်နှင့် ချိတ်ဆက်ရောင်းချ တယ်လို့လည်း ကြားရပါတယ်။ အဲဒီအထဲမှာ တရုတ်ဈေးကွက်ဟာ အကြီးဆုံးဖြစ်ပါတယ်။ ယခုနှစ် တန်ချိန် ၂ သန်းကျော်လောက်ပဲ ရောင်းရနိုင်တယ်လို့လည်း သတင်းတွေထွက်နေပါတယ်။ တရုတ် ဈေးကွက်ဟာ တရားဝင်မဟုတ်တဲ့အတွက် လိုရင်ဖွင့်၊ မလိုရင်ပိတ်တာတွေ ဖြစ်ပါတယ်။ တရုတ် ဈေးကွက်ကို တရားဝင်ဖြစ်အောင်လည်း ကြိုးစားသင့်သလို၊ G to G ဖြစ်အောင်လည်း ဆောင်ရွက် သင့်ပါတယ်။ အခြားကမ္ဘာ့နိုင်ငံဈေးကွက်တွေကိုလည်း ထပ်မံတိုးချဲ့ပြီးတော့ ရှာဖွေဖို့ လိုအပ်မှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်တွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေဖြစ်ဖို့ လိုအပ် ချက်အချို့ကို ဆက်လက်ပြီးတော့ တင်ပြလိုပါတယ်။ (၁)အချက်ကတော့ ငွေကြေးအရင်းအနှီးဖြစ်ပါ တယ်။ အတိုးနှုန်းသက်သာတဲ့ နှစ်ရှည်၊ နှစ်လတ်ချေးငွေတွေ ရရှိရန်လိုအပ်သလို ချေးငွေများရရှိရေး လွယ်ကူတဲ့စနစ်တွေ ကျင့်သုံးရန်လည်း လိုအပ်ပါတယ်။ ကြိုးနီစနစ်တွေကို ဖယ်ရှားပြီးတော့ မြန်ဆန် မှန်ကန်တိကျတဲ့စနစ်တွေ ရှိရပါမယ်။ စက်ကိရိယာတွေဝယ်ဖို့အပြင် သီးနှံသိုလှောင်ရုံတွေကိုလည်း တည်ဆောက်ဖို့ ငွေအရင်းအနှီးတွေ လိုအပ်မှာဖြစ်ပါတယ်။ (၂)အချက်ကတော့ နည်းပညာမြင့်မှလည်း ထုတ်ကုန်တွေမြင့်နိုင်ပါတယ်။ ကုန်ချောအဆင့်မြင့်ထုတ်နိုင်ဖို့ဆိုရင် စက်ကိရိယာအပြင် နည်းပညာမြင့် ရန်လည်းလိုအပ်ပါတယ်။ နည်းပညာရရှိရေးကိုလည်း ကြိုးပမ်းဖြည့်ဆည်းသင့်ပါတယ်။ (၃)အချက် ကတော့ စပါးမထွက်တဲ့ လယ်ယာမြေတွေမှာ သား၊ ငါး၊ ပုစွန်တွေ မွေးမြူခွင့်၊ အခြားနည်းသုံးစွဲခွင့်တွေ ကို ခွင့်ပြုပေးရန်လည်း လိုအပ်ပါတယ်။ စတဲ့အချက်သုံးချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ရဲ့ထုတ်ကုန်တွေ၊ တန်ဖိုးမြင့်ထုတ်ကုန်တွေဖြစ်လာပြီးတော့ နိုင်ငံတကာဈေးကွက်ကို လည်း ဝင်ဆံ့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်ချိုချိုရဲ့လယ်ယာစိုက်ပျိုးရေးဆိုင်ရာ၊ မွေးမြူရေး ဆိုင်ရာအဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ဖြစ်ပြီး အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အစိုးရရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်ကိုကြည့်ရင် ရေရှည်တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်း၍သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်စေမယ့် ကာလရှည်မျှော်မှန်းချက်ဖြစ်ပါတယ်။ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မူဝါဒများနှင့်အဖွဲ့အစည်းများကြား အပြန်အလှန်ညီညွတ်မှုရှိရေး၊ ရည်ရွယ်ချက်ပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများ ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းများကို ရဲဝင့်စွာဆောင်ရွက်နိုင်ရန်အတွက် MSDP(Myanmar Sustainable Development Plan)ကို ရေးဆွဲပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ MSDP ကို မဏ္ဍိုင်ကြီးသုံးရပ်၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခု၊ လုပ်ငန်းအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် စီးပွားရေးမူဝါဒ ၁၂ ချက်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာလည်းဖြစ်ပါတယ်။ စီးပွားရေးမူဝါဒ ၁၂ ချက်မှ နံပါတ်(၆)အချက်ဆိုရင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနဲ့ ပို့ကုန်မြှင့်တင်ရေးတို့အတွက် လယ်ယာမြေ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်၊ လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံဖော်ထုတ်ရန်ဆိုတဲ့အချက်ဟာဆိုရင် အဆိုရှင်ရဲ့တိုက်တွန်းချက်နဲ့လည်းကိုက်ညီကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူတွေဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို အများစု လုပ်ကိုင်ကြတာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးကြသူများဖြစ်တဲ့အတွက် စိုက်ပျိုးမြေများ ဆက်လက်ချဲ့ထွင်ပေးပြီး သီးနှံထုတ်လုပ်မှုတိုးတက်ရေးကို အားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသီးနှံနဲ့ မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများ ထုတ်လုပ်သည့်လုပ်ငန်းများနှင့် စိုက်ပျိုးရေးကုန်ကြမ်းမှကုန်ချော၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ပြီး ဈေးကွက်များခိုင်မာစွာရရှိဖို့လိုအပ်ပါတယ်။ အဆင့်မြင့်ထုတ်ကုန်ထုတ်လုပ်မယ့်ဆိုရင်လည်းပဲ နိုင်ငံတကာဈေးကွက်၊ နိုင်ငံတကာအရည်အသွေးနဲ့ ယှဉ်ပြိုင်နိုင်တဲ့နည်းပညာ ရင်းနှီးမြှုပ်နှံမယ့်သူတွေရှိဖို့လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)ကာလအတွင်း ပြည်ပမှကုန်ပစ္စည်းများလည်း လွတ်လပ်စွာ စီးဆင်းဝင်ရောက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ပြည်တွင်းတည်ထောင်စလုပ်ငန်းများ၊ နည်းပညာမလုံလောက်သေးသော SME များအတွက် ပံ့ပိုးမှု၊ ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်းနဲ့ လုပ်ငန်းရှင်များထိခိုက်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်ရန် ကုန်သွယ်မှုဆိုင်ရာစီမံဆောင်ရွက်

မှုများ လိုအပ်လာပါတယ်။ လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနဲ့ အစိုးရအထောက်အပံ့ရယူတင်ပို့ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုအပေါ် ကုစားမှုဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ တည်နေရာအနေအထားအရ ကုန်ပစ္စည်းများကို လျှော့ဈေးဖြင့်တင်ပို့မှုနှင့် အစိုးရထောက်ပံ့မှုလုပ်ထားသော ထုတ်ကုန်များတင်ပို့မှုကို အများဆုံးပြုလုပ်တဲ့ တရုတ်နဲ့အိန္ဒိယနိုင်ငံကြီးနှစ်ခုအကြား တည်ရှိနေပါတယ်။ လက်ရှိတွင် တရုတ်နိုင်ငံမှလည်း သွင်းကုန်ပစ္စည်းများ အလုံးအရင်းဝင်ရောက်နေသောကြောင့် ပြည်တွင်းလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းရှင်များ ထိခိုက်မှုရှိနေတဲ့အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးကို အဓိကထားသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်မှာ စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများ ရင်ဆိုင်ကြုံတွေ့နေရမှုများကြောင့် တောင်သူများမှာလည်း နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေမှုများရှိသည့်အတွက် ခိုင်မာတဲ့ဈေးကွက်သစ်များ ရှာဖွေနိုင်ဖို့လိုအပ်နေပါတယ်။ နိုင်ငံတကာဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင်ဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရာ မြန်မာနိုင်ငံအတွက် အထွက်နှုန်း၊ နည်းပညာအရည်အသွေးနဲ့ ဈေးကွက်ရှာဖွေမှုအပိုင်းတွေကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကြံထွက်တဲ့ရာသီချိန်ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ဟာ ပျက်နေတယ်လို့သိရပါတယ်။ Re-export တွေပိတ်ထားတယ်ဆိုသော်လည်း သကြားဈေးနှုန်း ဆက်လက်ကျဆင်းနေပြီး အောက်တိုဘာလမှစပြီး သကြားအလုံးအရင်းတင်ပို့သည့်ဈေးမှ ဆက်တိုက်ကျဆင်းလာကြောင်း သကြားကုန်သည်များထံမှ သိရပါတယ်။ အခုဆိုရင် ကျွန်တော်ရဲ့မဲဆန္ဒနယ်အပါအဝင် ကြံစိုက်တောင်သူအများအပြား နစ်နာဆုံးရှုံးမှုနဲ့ ဒုက္ခရောက်နေကြပါတယ်။ ပြည်တွင်းကြံဈေးကွက်အနေနဲ့ သကြားစက်များပြုပြင်နေသည့်အတွက် ကြံများလျှော့ဝယ်သည်ဟု အကြောင်းပြခြင်း၊ သတ်မှတ်တန်ချိန်ထက်ပိုနေ၍ မဝယ်ဘဲပြန်လွှတ်ခြင်း၊ သကြားစက်ရုံသို့ပို့တဲ့အခါမှာ ရက်တိုအတွင်းမဝယ်ယူဘဲ ရက်ရှည်ဖြစ်သည့်အတွက် ပစ်ပယ်ရတဲ့ ကြံတန်ချိန်များပြားလာခြင်းများကြောင့် တောင်သူများမှာ နစ်နာဆုံးရှုံးမှုတွေ ရှိနေပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း လေ့လာစုံစမ်းပြီး တောင်သူများအတွက် ကူညီဖြေရှင်းပေးသင့်ပါတယ်။ ခိုင်မာသောဈေးကွက်မရှိခြင်း၊ ကုန်သွယ်ရေးမူဝါဒ တိကျမှုမရှိခြင်းနဲ့ နည်းပညာအားနည်းသည့်အတွက် ကုန်ထုတ်လုပ်မှုအရည်အသွေးမမီခြင်းများကလည်း အဓိကတစ်ရပ်ဖြစ်ပါတယ်။ ဥပမာ ထိုးမုန့်ဆိုရင် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့ကို Export ပို့ရတယ်လို့ သိရတယ်။ အဲဒီမှာသုံးတဲ့ သကြားဆိုရင် ပြည်တွင်းထုတ်တဲ့သကြားက ခုနစ်ရက်လောက်ပဲခံတဲ့အတွက် Refine Sugar ကို ပြည်ပကသကြားကို သုံးရတယ်လို့ပြောတယ်။ အဲဒီတော့ ဒီသကြားကို ဈေးကွက်မှာတောင်မှပဲ ပြည်တွင်းထုတ်လုပ်တာတောင် မယှဉ်နိုင်ဘူးဖြစ်နေတယ်။ အဲဒီတော့ ထို့အတူပဲ ရာသီအလိုက်ထွက်ရှိတဲ့ လယ်ယာစိုက်ပျိုးထွက်ကုန်များ၊ မွေးမြူရေးနဲ့ရေလုပ်ငန်းမှထွက်သောကုန်များ ထွက်ရှိခြင်း၊ ဈေးကွက်အခိုင်အမာမရှိခြင်း၊ ထုတ်ကုန်တန်ဖိုးကျဆင်းမှုဖြစ်ခြင်းနဲ့ စီးပွားဖြစ်စိုက်ပျိုးမွေးမြူသူများ အရှုံးပေါ်ခြင်းများကို ကာကွယ်ပေးရန်

လိုအပ်လာပါတယ်။ သုံးစွဲမှုနည်းပါးပြီး အလဟဿပျက်စီးသွားမယ့် ကုန်ပစ္စည်းများကို အကျိုးရှိစွာ သုံးနိုင်ရန်အတွက် ယိုလုပ်ငန်း၊ ဆီသွပ်လုပ်ငန်းအစရှိတဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေကိုလည်းပဲ အောင်မြင်အောင်ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါလိုအပ်ချက်များအရ နိုင်ငံသူနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိဖို့၊ ပို့ကုန်ဝင်ငွေတိုးတက်ဖို့နဲ့ တိုင်းပြည်ဝင်ငွေတိုးတက်လာစေရေး တစ်နည်းအားဖြင့် နိုင်ငံသူနိုင်ငံသားတွေရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ဖို့အတွက် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသော ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာဈေးကွက်အတွင်း ခြေချထွင်ဖို့ ပြည်ထောင်စုအစိုးရကိုတိုက်တွန်းထားတဲ့ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထူး(ခ)ဦးဝင်းထူး ဖြစ်ပါတယ်။ ကျွန်တော် အခု အုတ်တွင်းမဲဆန္ဒနယ်က ဒေါ်ချိုချို တင်သွင်းတဲ့အဆိုအပေါ်မှာ ကျွန်တော့်ဒေသရဲ့ ထုတ်ကုန်ဖြစ်တဲ့ လက်ဖက်အပေါ်မှာအခြေခံပြီးတော့မှ ထောက်ခံဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ နမ့်ဆန်မှာဆိုရင် ကျွန်တော်တို့နိုင်ငံမှာစားသုံးနေတဲ့၊ ကျွန်တော်တို့နိုင်ငံမှာသောက်သုံးနေတဲ့ လက်ဖက်တွေအပြင် နောက်ထပ် အခုဆိုရင်လည်း ဈေးကွက်တွေရရှိနိုင်ဖို့ ပြည်မမှာ ကြိုးစားပြီးလုပ်ဆောင်နေတဲ့အပိုင်းမျိုးတွေလည်း ရှိပါတယ်။ ဒါလေးတွေကို စနစ်တကျထုတ်လုပ်နိုင်ဖို့အတွက်၊ စနစ်တကျပံ့ပိုးနိုင်ဖို့အတွက်ဆိုတာ အခု ဒီအဆိုမှာ တင်သွင်းထားတဲ့အတိုင်း ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကနေပြီးတော့မှ အားပေးလုပ်ဆောင်ပေးဖို့လိုတယ်ဆိုတာကို Highlight လုပ်ပြီးတော့မှ ဆွေးနွေးချင်တာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုပြီးမှ ဆွေးနွေးခွင့်ပြုပါခင်ဗျား။

ဒါကတော့ နမ့်ဆန်ရဲ့ ဒေသဆိုင်ရာအချက်အလက်ကနေပြီးတော့မှ ကျွန်တော်တို့ နမ့်ဆန်ဒေသမှာဆိုရင် လက်ဖက်စိုက်ပျိုးဧကငါးသောင်းကျော်ရှိတယ်ဆိုတာကို ပြချင်တာဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ ဒေသတွေဟာ ဒီလက်ဖက်ကိုပဲ အဓိကစိုက်ပျိုးထုတ်လုပ်ရောင်းချကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာဆိုရင် မိရိုးဖလာလုပ်တဲ့လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် ဒါ Organic ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ အဲဒါကို ပြောပြချင်တာပါ။ ကျွန်တော်တို့ဒေသမှာ တန်ဖိုးရှိတဲ့ သဘာဝမြေဩဇာ မိရိုးဖလာလုပ်ငန်းလုပ်တဲ့ ဒီလက်ဖက်ခြောက်လုပ်ငန်းကို သောက်သုံးရတဲ့ အနေအထားမှာ ရှိနေတာ၊ Organic Farm တွေရှိနေတာတောင်မှ ကျွန်တော်တို့ အခု လောလောဆယ်မှာ ပြည်ပကိုပို့နိုင်တဲ့ ကုန်ထုတ်မျိုးကို ကျွန်တော်တို့က ကောင်းကောင်းမွန်မွန်မရရှိနိုင်သေးတာဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီအပိုင်းတွေမှာလည်း ဝိုင်းသုံးပေးဖို့လိုမယ်ဆိုတဲ့အပိုင်းကို ကျွန်တော့်အနေနဲ့ Highlight လုပ်ချင်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဒေသမှာရှိတဲ့ လက်ဖက်ပင်တွေဟာ သက်တမ်းနှစ်ပေါင်း ရာနှင့်ချီရှိတဲ့ လက်ဖက်ပင်မျိုးတွေရှိတယ်။ မိရိုးဖလာ

လုပ်တဲ့လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထုတ်ကုန်တွေကလည်း ဘယ်လိုပြောမလဲဆိုတော့ နိုင်ငံတကာမှာ ပြန်ယှဉ်တဲ့အခါမှာ မယှဉ်ပြိုင်နိုင်တဲ့ သူရဲ့ Quality တွေက ထုတ်လုပ်မှုပုံစံတွေက မိရိုးဖလာလုပ်ငန်းပဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ အများကြီးအားနည်းနေသေးတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ပြီးတော့မှ ကျွန်တော်တို့ လိုအပ်တဲ့ ကုန်အရည်အသွေးအပိုင်းမှာရော၊ ကျွန်တော်တို့ လိုအပ်တဲ့ ထုတ်ကုန်ပမာဏကိုရော ကျွန်တော်တို့က မလုပ်ဆောင်နိုင်သေးတာကို တွေ့ရပါတယ်။ ကျွန်တော် ဒီမှာ ပြောချင်တာကတော့ ဒီအပိုင်းတွေမှာ စနစ်တကျပြုလုပ်လို့ရနိုင်အောင်လို့ နည်းပညာပိုင်းရော၊ ငွေကြေးပိုင်းဆိုင်ရာထောက်ပံ့မှုအပိုင်းတွေရော ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကနေ ပြီးတော့မှ လုပ်ဆောင်ပေးသင့်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ Highlight လုပ်ချင်တာဖြစ်ပါတယ်။

ဒါဟာဆိုရင် လက်ဖက်လုပ်ငန်းတွေကို လက်ဖက်အသင်းတစ်ခုကနေပြီးတော့မှ လာပြီးတော့ ဆွေးနွေးပြတဲ့ပုံတွေဖြစ်တယ်။ ပြီးတော့မှ နှစ်ရာချီရှိနေတဲ့လက်ဖက်ပင်တွေကို ဒါ လိုက်ပြီးတော့မှ မှတ်တမ်းယူနေတဲ့ပုံတွေဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မိရိုးဖလာလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ ကျွန်တော်တို့ မိရိုးဖလာလုပ်ငန်းဖြစ်တယ်။ လက်ဖက်ခြံရှင်းနေတဲ့ပုံပေါ့။ လက်ဖက်တွေကို ဖျာနဲ့လှန်းတဲ့ပုံစံတွေပေါ့။ ဒါ မိရိုးဖလာလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ သိပ်တွင်တွင်ကျယ်ကျယ် ထိထိမိမိမလုပ်နိုင်သေးတာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

ကျွန်တော့်ဒေသမှာ နောက်ထပ်ဘာလိုသေးသလဲဆိုတော့ စောစောတုန်းကလည်း အများကြီး ဆွေးနွေးသွားကြတာရှိပါတယ်။ သုတေသနအဖွဲ့တွေ၊ သုတေသနဌာနတွေ၊ သုတေသနစိုက်ပျိုးရေးခြံတွေထားရှိဖို့ လိုပါတယ်။ အဲဒါမှသာလျှင် ကျွန်တော်တို့ ယခင်က ကြုံခဲ့သလို စားသုံးသူရဲ့ အန္တရာယ်မသက်ရောက်အောင်ပေါ့နော်။ ဆိုးဆေးပြဿနာပုံစံမျိုးတွေ၊ တခြားမမြင်နိုင်တဲ့အန္တရာယ်မျိုးတွေ မဖြစ်အောင်လို့ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ နမ့်ဆန်မြို့မှာဆိုရင် သုတေသနဌာနတွေရှိဖို့လိုတယ်။ စိုက်ပျိုးတဲ့သုတေသနဌာနရှိဖို့လိုသလို လက်ဖက်တွေရဲ့အရည်အသွေးကို ဆန်းစစ်ဖို့ လုပ်ပေးနိုင် တဲ့ သုတေသနဌာနထားရှိဖို့လည်း လိုအပ်ပါတယ်။ အဲဒါမှသာလျှင် ကျွန်တော်တို့က ပြည်ပနဲ့ နှိုင်းယှဉ်နိုင်တဲ့ ပြည်ပယှဉ်ပြိုင်နိုင်တဲ့ ထုတ်ကုန်တွေလည်း ရရှိမယ်။ စိုက်ပျိုးရေးသုတေသနရှိလာတဲ့အခါမှာလည်း ကျွန်တော်တို့က တစ်ဧကကို အချိန်ဘယ်လောက်ထွက်နိုင်အောင်ဆိုတဲ့ စိုက်ပျိုးစမ်းသပ်မှုတွေလည်း ပိုမိုလုပ်ဆောင် လာနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ လောလောဆယ်မှာတော့ ကျွန်တော်တို့ မိရိုးဖလာလုပ်ငန်းလုပ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သိပ်ပြီးတော့မှ အထွက်က နည်းလာတာကို တွေ့ရပါတယ်ခင်ဗျား။

ဒါကတော့ လက်ဖက်အသင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချနေတဲ့သူများ အသင်းကနေပြီးတော့ ကြိုးစားပြီးတော့ လုပ်ဆောင်တာလေးတွေရှိပါတယ်။ ဒါကတော့ စိုက်ပျိုးရေးဌာနကနေ တွဲပြီးတော့မှ လုပ်ဆောင်လာတဲ့လုပ်ဆောင်ချက်လေးတွေ ရှိပါတယ်။ လက်ဖက်ခူးတဲ့စက်လေးတွေ စမ်းသုံးကြတာမျိုးတွေ၊ လက်ဖက်ခြံရှင်းတဲ့စက်လေးတွေ စမ်းပြီးသုံးကြတာမျိုးလေးတွေကိုတော့ စပြီးတော့ လုပ်ကြတာရှိပေမဲ့ တစ်ပိုင်တစ်နိုင်ပဲ လုပ်နေရတာဖြစ်တဲ့အတွက်ကြောင့် ကိုယ့်အားနဲ့ကိုယ်ပဲ ရုန်းနေရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုအပ်တဲ့ထိရောက်မှုအထိတော့ ကျွန်တော်တို့က မလုပ်ဆောင်နိုင်သေးတာကို ကျွန်တော်တို့ တွေ့ရပါတယ်ခင်ဗျား။ အကယ်၍သာလျှင်

ဒီလိုထောက်ပံ့မှုတွေက ကျွန်တော်တို့ဒေသမှာ စနစ်တကျရှိမယ်ဆိုရင် ဒီ Organic လက်ဖက်တွေက ကျွန်တော်တို့ဒေသအတွင်းမှာ စားသုံးဖို့အတွက်ရော၊ ပြည်ပဈေးကွက်တွေမှာ ရှာဖွေနိုင်ဖို့အတွက်ပါ အများကြီးကို အထောက်အကူပြုပြီးတော့ ထိထိမိမိဖြစ်မယ်လို့ ကျွန်တော်မြင်ပါတယ်ခင်ဗျ။ ဒါကတော့ လက်ဖက်အသင်းကနေပြီးတော့ ဦးဆောင်ပြီးလုပ်တဲ့အခါမှာ သူတို့ နိုင်ငံတကာတွေနဲ့ချိတ်ဆက်ပြီး လုပ်ဆောင်မိတဲ့အခါမှာ လက်ဖက်အစိုတွေကိုလည်း နိုင်ငံတကာမှာ အနည်းငယ်ပဲ ထိုးဖောက်နိုင်သေးတဲ့အနေအထားမှာပဲရှိပါသေးတယ်။ ဒီထက်ပိုပြီးတော့မှ ထိထိမိမိထိုးဖောက်ပြီးတော့မှ လုပ်ဆောင်နိုင်မယ်၊ တင်ပို့နိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက်ရော၊ လက်ဖက်တောင်သူအတွက်ရော၊ လက်ဖက်လုပ်ငန်းရှင်တွေအတွက်ပါ အများကြီးအကျိုးရှိမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ပြီးတော့မှ ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုစနစ်တွေလည်း အများကြီးထိန်းချုပ်ဖို့ လိုပါမယ်။ ဒါကတော့ လက်ဖက် Organic Certificate ရရှိထားတဲ့အချက်တွေကို တင်ပြတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ နိုင်ငံတော်အစိုးရကနေပြီးတော့မှ ကျွန်တော်တို့ရဲ့ ဒီလုပ်ငန်းတွေကို ထိမိအောင်လို့ သုတေသနဌာနတွေ၊ ဈေးကွက် တွေရှာပေးတာမျိုးတွေ၊ ကူညီပံ့ပိုးတာမျိုးတွေကို လုပ်သင့်တယ်၊ SME တွေစနစ်တကျရရှိအောင်လို့ လုပ်ဆောင်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးရင်းနဲ့ အဆိုကိုထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ စားသောက်ကုန်များကို တန်ဖိုးမြှင့်ဖို့ Value Added လုပ်ဖို့ဆိုတာကို အဝေးကြီးစဉ်းစားစရာမလိုဘဲ ကျွန်မတို့နေ့စဉ်တွေ့မြင်နေကြ ထွက်ကုန်၊ စားသောက်ကုန်များကို နိုင်ငံ့အတွက် တန်ဖိုးမြှင့်ဖို့ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အရိုးရှင်းဆုံးနဲ့ အနိမ့်ဆုံးအဆင့်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အရည်အသွေးပြည့် တန်ဖိုးမြှင့်ခြင်းဆိုတာဟာ ယေဘုယျအားဖြင့် ထွက်ကုန်ရဲ့ပုံပန်းသဏ္ဌာန်ကို မူလအခြေအနေမှ ပိုမိုတန်ဖိုးရှိတဲ့အသွင်သို့ ပြုပြင်ပြောင်းလဲပေးတဲ့လုပ်ငန်းများကို ခေါ်ပါတယ်။ ဥပမာ- နေရာပြောင်းခြင်း၊ သန့်စင်ခြင်း၊ အရွယ်အစားရွေးခြင်း၊ ထုပ်ပိုးခြင်း၊ စနစ်ကျသော အညွှန်းစာတမ်းများတပ်ခြင်း၊ နောက်အကျဆုံး အသုံးပြုရမည့်ရက်၊ နေ့စွဲများဖော်ပြခြင်း စသည်တို့ကိုဆိုလိုပါတယ်။ ဒါကတော့ သီးနှံထွက်ကုန်များကို မြေပြင်မှာခင်းကျင်းရောင်းချနေတာ ဖြစ်ပါတယ်။ ဒါကလည်း စားသောက်ကုန် မုန့်ပဲသရေစာများကို ရောင်းချနေခြင်းဖြစ်ပါတယ်။ အခုလို ရောင်းချနေခြင်းဟာ ကုန်စည်ရဲ့တန်ဖိုးကို ရသင့်သလောက်မရနိုင်ဘူး ဖြစ်ပါတယ်။ ဒါကတော့ အနေအထားတကျ သပ်ရပ်စွာရောင်းချပေးခြင်းဖြစ်ပါတယ်။ ဒါကလည်း အခုနက မြေပြင်ပေါ်မှာ ရောင်းချတဲ့ သီးနှံများကို ပဲသပ်ရပ်စွာထုပ်ပိုးပြီး ရောင်းချခြင်းဖြစ်ပါတယ်။ တန်ဖိုးမြှင့်လာတာကိုတွေ့ရပါတယ်။ ဒါကတော့

သီးနှံများကို သန့်စင်ခြင်းဖြစ်ပါတယ်။ ဒါကတော့ သန့်စင်ပြီးသီးနှံများကို သေသပ်စွာထုပ်ပိုးပြီး ရောင်းချခြင်းဖြစ်တဲ့အတွက် တဖြည်းဖြည်းတန်ဖိုးမြင့်လာသလို စားသုံးသူများအတွက်လည်း လုံခြုံစိတ်ချစွာစားသုံးနိုင်မှာဖြစ်ပါတယ်။

ဒါကတော့ သန့်စင်ပြီးသီးနှံများကို အရွယ်အစားခွဲခြားပြီး သေသပ်စွာထုပ်ပိုးရောင်းချထားသဖြင့် ဈေးနှုန်းမြင့်စွာရရှိပြီး တန်ဖိုးမြင့်ခြင်းတစ်မျိုးပဲဖြစ်ပါတယ်။ ဒါကတော့ မြန်မာနိုင်ငံရဲ့ Supermarket မှာ Made in Thailand ဆိုပြီး နေရာယူထားတာတွေ့ရပါတယ်။ အမှန်က ပြောင်းဖူး Flakes ပြားဖြစ်ပါတယ်။ မြေပြင်မှာချရောင်းတဲ့ ပြောင်းဖူးတစ်ဖူး တစ်ရာကျပ်တန်ဟာ Supermarket မှာ သန့်ရှင်းသပ်ရပ်စွာရောင်းချမယ်ဆိုပါက တစ်ဖူးကို ၃၅၀ ကျပ်တန်သွားပါတယ်။ အခုလို ပြောင်းဖူး Flake လုပ်ပြီး ရောင်းမယ်ဆိုပါက တစ်ဖူးကို ၇၀၀ ကျပ်တန်ဖိုးမြင့်သွားတာ တွေ့ရပါတယ်။ မြန်မာ့ Supermarket မှာ နေရာယူထားတဲ့ Made in Thailand ဆိုတဲ့ တံဆိပ်နဲ့ နွားနို့တွေပဲဖြစ်ပါတယ်။ ဒါကလည်း Product of Thailand တံဆိပ်နဲ့ အုန်းနို့ပဲဖြစ်ပါတယ်။ အုန်းသီးတစ်လုံး ၅၀၀ တန်ကို အုန်းနို့ခြစ်ပြီး ထုပ်ပိုးရောင်းချထားတာ အဲဒီမှာမြင်တွေ့ရတဲ့အတိုင်း ၄၂၅၀ ကျပ် တန်သွားပါတယ်။ ဒါဟာ တန်ဖိုးမြင့်အောင် ထုတ်လုပ်ရောင်းချထားခြင်းပဲဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ကုန်ကြမ်းတွေ ပေါများပါလျက်နဲ့ နိုင်ငံတကာရဲ့ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ ဘာတွေလိုအပ်နေလဲ။ မလုပ်နိုင်တာလား။ မလုပ်တတ်တာလား။ နိုင်ငံတော်အနေနဲ့ကော ဘယ်လိုအထောက်အပံ့ပေးရမလဲဆိုတာကို ပြန်လည်သုံးသပ်ကြဖို့ လိုပါတယ်။ ဒါကတော့ Supermarket ကြီးတစ်ခုလုံးရဲ့ တစ်နေရာမှာ နေရာယူထားတဲ့ Product of Myanmar ထုတ်ကုန်ဖြစ်တဲ့ ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီပဲဖြစ်ပါတယ်။ Organic စစ်စစ်ဖြစ်ကြောင်း အာမခံထားပြီး သေသပ်စွာထုပ်ပိုးရောင်းချထားတာ တွေ့ရပါတယ်။ နိုင်ငံတကာကို ထိုးဖောက်ရောင်းချထားတယ်လို့လည်း သိရပါတယ်။ အခုလို Product of Myanmar ထုတ်ကုန်တွေ ကျွန်မတို့နိုင်ငံရဲ့ Supermarket တွေမှာကော၊ နိုင်ငံတကာရဲ့ Supermarket တွေမှာကော နေရာယူနိုင်ဖို့ နိုင်ငံတော်မှလိုအပ်သည်များကို အကူအညီပေးသင့်ပါကြောင်း ဒေါ်ချိုချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးရခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ဒေါ်ချိုချိုရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့ ဒီအဆိုကိုတင်တယ်လို့ပဲ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အင်မတန်မှပဲ ကျွန်တော်တို့ မြေသြဇာကြွယ်ဝတဲ့ ဒီရေမြေအနေအထားတွေ အများကြီးရှိပါတယ်။ ဒီလိုနိုင်ငံက အခုအခြေအနေမှာ ပတ်ဝန်းကျင်နိုင်ငံတွေက ကျော်တက်သွားကြတယ်။ ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံထဲကနေ မလွတ်သေးပါဘူး။ ဒါတွေကို ကျွန်တော်တို့ဆီမှာ သယံဇာတပစ္စည်းတွေ အင်မတန်ပေါကြွယ်ဝပေမဲ့ ဒီလိုဖြစ်နေတဲ့အခြေအနေတွေကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေချင်လွန်းလို့ ဒီအဆိုကိုတင်တယ်လို့ပဲ ယူဆပါတယ်။

**မူကြမ်း**

အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံအဖြစ်ပဲ ရှိပါသေးတယ်။ ဒီစိုက်ပျိုးရေးနိုင်ငံကနေပြီးတော့ ရှေ့ကို တက်လှမ်းဖို့လုပ်တဲ့နေရာမှာ အရင်တုန်းကတော့ စီးပွားရေးဆိုင်ရာဆောင်ပုဒ်တွေ ရှိခဲ့ပါတယ်။ အဲဒီထဲမှာဆိုရင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန်ဆိုပြီးတော့ ပါပါတယ်။ အဲဒါတွေဟာ အစိုးရအစဉ်အဆက်ကလည်း လုပ်ခဲ့ကြပါတယ်။ အခုလည်း လုပ်နေပါတယ်။ ဒါပေမဲ့ တကယ်ပဲ ကျွန်တော်တို့ တိုးတက်ရဲ့လား။ တကယ်ပဲ ဒီလိုရည်မှန်းချက်တွေအောင်မြင်ရဲ့လား။ အဲဒီလိုအောင်မြင်မှုတွေ ဆွေးနွေးနေတဲ့အခါကျတော့ အားမလိုအားမရနဲ့ ဒီအဆိုကို တင်တယ်လို့ပဲ ကျွန်တော်မှတ်ယူပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခု စီးပွားကူးသန်းကနေထုတ်တဲ့ Thomas ဂျာနယ်ထဲမှာဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်ရဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ ကျွန်တော်တို့ရဲ့ သွင်းကုန်ပစ္စည်းတွေ အဲဒါတွေကို အမြဲတမ်းဒီမှာ ပြနေတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတွေ လေ့လာနေတဲ့အခါကျတော့ လစဉ်တိုင်းလစဉ်တိုင်း ကုန်သွယ်ရေးလိုငွေတွေကိုပြတယ်။ နှစ်စဉ်လည်း ဒီလိုပဲ ကုန်သွယ်ရေးလိုငွေတွေကို ပြတယ်။ အဲဒီလို ကုန်သွယ်ရေးလိုငွေတွေ ပြနေတာတွေကို တစ်ဖက်တစ်လမ်းကနေပြီးတော့ သွင်းကုန်အစားထိုးပစ္စည်းတွေဖြစ်အောင်၊ ဒီ Added Value ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်အောင် ဒီအဆိုကို တင်ခဲ့တာပါ။

အဲဒီတော့ ပြီးခဲ့တဲ့နှစ်ကဆိုလို့ရှိရင် ခုန ဦးမြင့်ဦးလည်း ပြောသွားပါတယ်။ ကျွန်တော်တို့ ဆန်တန်ချိန် ၃.၆ သန်း ရောင်းခဲ့ရတယ်။ ဟာ ငါတို့သိပ်ပြီးတော့ ရောင်းခဲ့ရတာပဲဆိုပြီးတော့ ကျွန်တော်တို့တွေ သိပ်အားတက်တယ်။ အရှေ့ကိုမျှော်လင့်ချက်နဲ့ ဒီထက်မက ကျွန်တော်တို့ရောင်းရမှာပဲလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ အခု နောက်ပိတ်ဆုံး ထုတ်ပြန်တဲ့စာရင်းအရ ကြည့်လိုက်လို့ရှိရင် ၂.၂ သန်း ရောင်းရဖို့တောင် တော်တော်ကြိုးစားရမယ်ဆိုတဲ့အခြေအနေတွေ ကျွန်တော်တို့ ဂျာနယ်တွေထဲမှာ ဖတ်ရပါတယ်။ အဲဒီတော့ ဆန်ဆိုတာက Semi Product ပေါ့။ ဒီတစ်ပိုင်းကုန်ကြောပဲ။ အဲဒီတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က အောက်တိုဘာလနှင့် နိုဝင်ဘာလတွေမှာ စပါးရာသီပေါ်စမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေပြီးတော့ စပါးအတိုင်းဆိုတာ ဒါကုန်ကြမ်းပဲ။ ဒီ World Product အနေနဲ့ မရောင်းဘဲနဲ့ ဆန်အတိုင်းပဲရောင်းရမယ်လို့ ကျွန်တော်တို့ ညွှန်ကြားချက်ထုတ်တယ်။ ဒါပေမဲ့လည်း ထွက်သွားတာက တန်ပေါင်းမြောက်မြားစွာ ကျွန်တော်တို့ဆီက ထွက်သွားပါတယ်။ အဲဒီတော့ စပါး အဖြစ်ထွက်သွားတဲ့အခါကျတော့ ကျွန်တော်တို့ By Product အနေနဲ့ ဖွဲ့၊ ဆန်ကွဲတွေ၊ ဒီဘေးထွက်ပစ္စည်းတွေ ကျွန်တော်တို့မရတော့ဘူး။ အဲဒါတွေက ကျွန်တော်တို့တိုင်းပြည်မှာ မွေးမြူရေးအတွက်၊ အစားအစာတွေကို ကျွန်တော်တို့မှာ လျော့နည်းသွားတယ်။ ပြည်တွင်းမှာ ဈေးကြီးလာတယ်။ ဒီလို Raw အနေနဲ့ ရောင်းမယ့်အစား ကျွန်တော်တို့ဟာ အနည်းဆုံးတော့ ဆန်ဆိုလို့ရှိရင်၊ စပါးဆိုလို့ရှိရင် ဆန်အဖြစ်တော့ ကျွန်တော်တို့ ရောင်းဖို့လိုအပ်ပါတယ်။

အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာ ခုန ကျွန်တော်ပြောခဲ့တဲ့ ရေမြေသယံဇာတပစ္စည်းတွေ သိပ်ပေါတယ်။ သိပ်ပေါတဲ့အခါကျတော့ တောင်သူတွေစိုက်ပျိုးတဲ့နေရာမှာ ဥပမာ - ခရမ်းချဉ်သီးဆိုလို့ရှိရင် အင်မတန်အေးတဲ့နိုင်ငံတွေမှာဆိုရင် Green House တွေနဲ့စိုက်ရတယ်။ သူတို့ရဲ့ ကီလိုဟာဆိုလို့ရှိရင် အသားတစ်ကီလိုထက်တောင်မှပဲ သူတို့နိုင်ငံတွေမှာ တန်ဖိုးကြီးပါတယ်။ ကျွန်တော်တို့ဆီကျတော့ စိုက်လိုက်တဲ့ကုန်ပစ္စည်းဟာ ဝယ်မယ့်သူမရှိဘူး။ အရှုံးပေါ်တယ်။ အဲဒါကြောင့်မို့လို့ ဒီအခင်းထဲမှာပဲ

ဒီအတိုင်းပစ်ထားရတဲ့ အတွေ့အကြုံတွေ ကျွန်တော်တို့ဆီမှာရှိတယ်။ ဥပမာဆိုလို့ရှိရင် အာဖရိကနိုင်ငံလို ဒီနိုက်ဂျီးရီးယားနိုင်ငံမှာဆိုရင် ဒီခရမ်းချဉ်းသီးကထုတ်တဲ့အနှစ်ရည်၊ အဲဒါတွေကို တန်ကို ခုနသောင်းနဲ့သိန်းနဲ့ချီပြီးတော့ ထုတ်ပြီးတော့ သူတို့နိုင်ငံကို ဒါတွေဟာ စားသုံးနေကြရတယ်။ ပြည်ပကိုလည်းထုပ်ပိုးနေတယ်။ ကျွန်တော်ဆီမှာ အဲဒီလိုထွက်ရှိလာတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ကျွန်တော်တို့ဟာ ကုန်ချောအဖြစ်၊ ကြာရှည်ခံအောင်လုပ်ဖို့အဖြစ် ကျွန်တော်တို့မှာ မလုပ်နိုင်သေးဘူး။ ဒါတွေဟာ ကျွန်တော်တို့ နည်းပညာတွေကော၊ အရင်းအနှီးတွေကော လိုအပ်နေတာဖြစ်ပါတယ်။ အိမ်နီးချင်နိုင်ငံကြီးမှာဆိုလို့ရှိရင် ရောင်းနေရတာ ဥပမာ- ပြောင်းဆံ ဒီလိုပဲ ကုန်ကြမ်းအနေနဲ့ ရောင်းရတယ်။ ပဲမျိုးစုံပဲ။ ဒီလိုပဲရောင်းနေရတယ်။ သကြားတွေလည်း ဒီလိုပဲ တင်ပို့နေရတယ်။ သကြားဆိုရင် ဒီတစ်ဆင့်ခံအဖြစ်နဲ့တောင် ကျွန်တော်တို့ တင်ပို့တယ်။ အဲဒီလို ပြောင်းတို့၊ ပဲတို့၊ သကြား တို့ဆိုတာတွေဟာ စားသောက်ကုန်ပစ္စည်းအဖြစ်လည်း ဒါဟာ ကျွန်တော်တို့ဆီ ပြန်သွင်းလာတာတွေလည်း တွေ့ရတယ်။ အခုဆိုလို့ရှိရင် ပြည်ပကနေတင်သွင်းလာတဲ့ အသင့်စားဒီပစ္စည်းတွေကို ခုန မြို့ကြီးတွေမှာ အများကြီးတွေ့ရတယ်။ ခုန ဆိုင်တွေမှာလည်း FDA ကနေသွားစစ်ဆေးတယ်။ စားသုံးရန်မသင့်တဲ့ စားသုံးသူအခွင့်အရေးကာကွယ်တဲ့ဥပဒေအရ ကျွန်တော်တို့စစ်ဆေးပြီးတော့ ဖျက်စီးနေရတာတွေရှိတယ်။ အဲဒါတွေဟာ ကိုယ့်ပြည်တွင်းမှာပဲ လုပ်လို့ရတဲ့ ကျွန်တော်တို့ သယံဇာတပစ္စည်းတွေ အများကြီးရှိတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာတင်အောင်(ကျောက်ဆည်မဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ ကျောက်ဆည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးများမှထွက်ရှိလာတဲ့ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲစေရန်အတွက် နည်းပညာအသုံးပြုမှုအပိုင်းကို အဓိကထားပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီနည်းပညာအသုံးပြုပြီးတော့ တန်ဖိုးမြှင့်တဲ့နေရာမှာ နယ်ပယ်သုံးခုအနေနဲ့ ကျွန်တော်တွေ့ရှိထားပါတယ်။ ပထမ ကျွန်တော်တို့နိုင်ငံဟာ နည်းပညာအားနည်းချက်ကြောင့် နိုင်ငံတကာမှနည်းပညာကိုယူပြီးတော့ တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်ခြင်းအပိုင်းဖြစ်ပြီးတော့၊ ဒုတိယအပိုင်းအနေနဲ့ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးကိုလုပ်ကိုင်နေတဲ့တောင်သူတွေ၊ မွေးမြူရေးသမားများရဲ့တီထွင်ဖန်တီးတဲ့အချက်တွေကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်များကိုပြုလုပ်ခြင်းအပိုင်းဖြစ်ပြီး နောက်ဆုံးအပိုင်းအနေနဲ့တက္ကသိုလ်ကောလိပ်များ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဌာနများအောက်မှာရှိတဲ့ သုတေသနဌာနများက တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းအပိုင်းဆိုပြီးတော့ သုံးပိုင်းတွေ့ရှိပါတယ်။

ပထမအပိုင်းမှာ ကျွန်တော်တို့နိုင်ငံအတွက် အားနည်းချက်ကတော့ နိုင်ငံတကာမှ နည်းပညာတွေကိုသုံးပြီး ကျွန်တော်တို့နိုင်ငံမှာ မြေယာဧကပေါင်း ထောင်နဲ့ချီပြီးတော့ ငှားရမ်းစိုက်ပျိုးထုတ်လုပ်နေတဲ့ ဖရဲ၊ သခွားစိုက်ပျိုးလုပ်ငန်းတွေရှိပါတယ်။ ဒီလုပ်ငန်းကို တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ကြီးကြီးကျယ်ကျယ်စိုက်ပျိုးထုတ်လုပ်ခဲ့တာသည် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးအမြတ်က တောင်သူတွေအတွက်အနည်းငယ်ပဲရရှိပြီးတော့ ပြည်ပနိုင်ငံသားများက အကျိုးအမြတ်၊ အမြတ်အစွန်း

အများကြီးရရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့တောင်သူတွေကို နည်းပညာပေးအပ်ခဲ့ခြင်းမရှိတဲ့အပြင် သူတို့စိုက်ပျိုးခဲ့တဲ့စိုက်ပျိုးခင်းများမှာ ဓာတ်မြေဩဇာနဲ့ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲတာရှိတဲ့အတွက်ကြောင့် နောက်နှစ်တွေမှာ ကျွန်တော်တို့တောင်သူများက နည်းပညာလည်းမရ မြေကလည်းပျက်စီးသွားတဲ့အတွက်ကြောင့် ဆက်လက်စိုက်ပျိုးလို့မရတဲ့အကျိုးရလဒ်များကို ခံစားနေရတာကို တွေ့ရှိပါတယ်။ ဒါက ကျွန်တော်တို့နိုင်ငံရဲ့နည်းပညာအားနည်းချက်ကြောင့် အကျိုးဆုတ်ယုတ်ခြင်းအကြောင်းဖြစ်ပါတယ်။ အလျဉ်းသင့်တဲ့အချိန်မှာပဲ ပြီးခဲ့တဲ့တစ်ပတ်က ကျွန်တော့်ရဲ့မြို့နယ်မှာ ကျောက်ဆည်မှာ တွဲကားနှစ်စီးနဲ့ ကျောက်တုံးတွေတင်လာတာကို တွေ့ရပါတယ်။ ဖမ်းမိခဲ့ပါတယ်။ ကုမ္ပဏီတစ်ခုရဲ့အမည်သုံးပြီးတော့ သယ်ဆောင်လာတာဖြစ်ပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ လားရှိုးမြို့ကို သယ်ဆောင်မည်ဟုကြားသိရပါတယ်။ အဲဒီကျောက်တုံးတွေဟာ ခဲသတ္တုတွေပါဝင်နေပါတယ်။ အလားတူပဲ ကျွန်တော်တို့နိုင်ငံမှာ Rare Earth တွေအများကြီးရှိပါတယ်။ ကျွန်တော်တို့သာ နည်းပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်မယ်ဆိုရင် ဒီ Rare Earth တွေကနေ သန့်စင်ထုတ်လုပ်ပြီးတော့ အကျိုးရှိရှိအသုံးချနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံက ဝင်ငွေအများကြီး ရရှိမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့နိုင်ငံရဲ့နည်းပညာအားနည်းချက်ကြောင့် ကျွန်တော်အလျဉ်းသင့် လို့ တင်ပြခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်တင်ပြခဲ့တဲ့စိုက်ပျိုး/မွေးမြူရေးသမားတွေရဲ့ တီထွင်ဖန်တီးမှုတော့ ကျွန်တော် အထူးတလည်တင်ပြခြင်းမလုပ်ပါဘူး။ နောက်ဆုံးအချက်အနေနဲ့ တက္ကသိုလ်၊ ကောလိပ်များနှင့် သုတေသနဌာနများဟာ ဘာသာရပ်အလိုက် သုတေသနများ အဆက်မပြတ်လုပ်နေကြပါတယ်။ ကျောက်ဆည်မြို့အရှေ့ဘက်မှာရှိတဲ့ ဓာတ်ပစ္စည်းသိပ္ပံသုတေသနဌာနကနေပြီးတော့ တရုတ်ဆီးသီးကြီး၊ နဂါးမောက်သီး၊ ငှက်ပျောသီးတို့ရဲ့သက်တမ်းရှည်ထားနိုင်မှု ပုပ်သိုးဆွေးမြည့်မည့်ဘတ်တီးရီးယားများ လျော့ကျနိုင်မှုတို့ကိုလည်း သုတေသနပြုလုပ်နိုင်ပြီးတော့ အာလူး၊ ကြက်သွန်ဖြူကြက်သွန်နီတို့ကိုလည်း အညှောင့်ထွက်နှောင့်နှေးစေမှုနဲ့ ပုပ်သိုးဆွေးမြည့်မှုကြောင့် လေလွင့်ဆုံးရှုံးမှုနည်းအောင်တို့ကိုလည်း သုတေသနပြုလုပ်နိုင်ခဲ့ပါတယ်။ မွေးမြူရေးလုပ်ငန်းမှာလည်း ဝက်သားမှာလူတွေကို ဒုက္ခပေးနိုင်တဲ့ သံကောင်ကဲ့သို့ ပိုးမွှားများဖယ်ရှားနိုင်မှုနဲ့ ငရုတ်သီးမှုန့်မှာတွယ်ကပ်နေတဲ့မှိုများဖယ်ရှားနိုင်မှုရလဒ်ကောင်းများကိုလည်း လုပ်နိုင်တာကို တွေ့ရပါတယ်။ အခြားသုတေသနဌာနတစ်ခုဖြစ်တဲ့ ဇီဝသုတေသနဌာနကလည်း လယ်ယာထွက်၊ ဘေးထွက်ပစ္စည်းများကိုအသုံးပြုပြီးတော့ ကောက်ရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ ဗေဒါနဲ့ နွားချေးတို့ကို အသုံးပြုပြီး အပင်အတွက်ဟော်မုန်းပေးနိုင်ရန် ဘတ်တီးရီးယားပိုးများထည့်ပြီး ရွှေဇီဝ၊ သဘာဝမြေဩဇာ ထုတ်လုပ်ရောင်းချခြင်းနဲ့ ရေငန်ပုစွန်ခွံမှ ကုန်ချောအဖြစ် ရွှေရည်စိမ်း၊ ငါးမှထွက်သော အမိုင်နိုအက်ဆစ်နဲ့ရောပြီးတော့ ရွှေစိမ်းရည်၊ ရွှေပိုးစသည်ဖြင့် ရွက်ဖျန်းမြေဩဇာများရောင်းချပြီး Organic Farms များအတွက် အကျိုးပြုပေးနေတာတွေ့ရပါတယ်။ သို့သော်လည်းပဲ ဦးစီးဌာနအသီးသီးတို့သည် ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်မှုမရှိသလို ဦးစီးဌာနအချင်းချင်းတောင်မှ ပူးပေါင်းဆောင်ရွက်မှုမရှိတာကို တွေ့နေရပါတယ်။ ရရှိထားသောသုတေသန တီထွင်စမ်းသပ်မှုများကို တောင်သူများတွေဆီမရောက်ဘဲနဲ့ စာအုပ်စင်ပေါ်မှာပဲ အထီးကျန်နေတာကို ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒါကြောင့်မို့ နိုင်ငံခြားနည်းပညာများကိုပဲ အားကိုး

မနေဘဲနဲ့မိမိတို့နိုင်ငံကတွေ့ရှိထားတဲ့ သုတေသနရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် တန်ဖိုးမြှင့်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်မှာဖြစ်ကြောင်း အကြံပြုဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကိုကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ မဆွေးနွေးခင်မှာ အရင်တုန်းက ကျွန်တော်တို့နိုင်ငံရဲ့ဝင်ငွေက ကျွန်းသစ်လုံးများ၊ သဘာဝကျောက်သံပတ္တမြားများ၊ သဘာဝဓာတ်ငွေ့များစတဲ့ သဘာဝအရင်းခံပစ္စည်းများကို ထုတ်ယူရောင်းချပြီး ဝင်ငွေရှာခဲ့တဲ့နိုင်ငံအခြေအနေကနေပြီးတော့ အခုအခါမှာ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်တွေနဲ့ စက်မှုလက်မှုလုပ်ငန်းများကရတဲ့ဝင်ငွေနဲ့ တိုင်းပြည်ဝင်ငွေရှာတဲ့အချိန်မှာ ဒီအဆိုဟာ အင်မတန်မှအသုံးတည့်၊ လျော်ကန်တဲ့အဆိုဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သီးနှံမျိုးပေါင်း ၁၀၀ ကျော်ထွက်ပါတယ်။ ထို့အတူ ကျွဲ၊ နွား၊ ကဏန်းစသည်ဖြင့် ရေထွက်ပစ္စည်း၊ ကုန်းထွက်ပစ္စည်း၊ မွေးမြူရေးပစ္စည်းများစွာရှိပါတယ်။ ဝမ်းနည်းစရာကောင်းတာက အခုချိန်ထိ ဒီပစ္စည်းများကို ကျွန်တော်တို့တစ်တွေသည် တန်ဖိုးမြင့်အောင်မလုပ်နိုင်ဘဲ၊ နိုင်ငံတကာဈေးကွက်ကိုမပို့နိုင်ဘဲနဲ့ ပြည်တွင်းမှာတင် အလဟဿကုန်ဆုံးသွားတဲ့အခြေအနေမှာ ရှိပါတယ်။ အဲဒီတော့ စောစောက ကိုယ်စားလှယ်တော်ကြီးအချို့တင်ပြသွားတဲ့ ထုတ်ကုန်အဆင့်မြှင့်လုပ်ငန်းတွေ၊ တန်ဖိုးမြှင့်လုပ်ငန်းတွေ အားလုံးပြောသွားတာတွေ့ပါလိမ့်မယ်။ တချို့ကော်ဖီတို့၊ လဖက်တို့စတဲ့ မြန်မာ့ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်ဝင်လုပ်ထားတာကိုလည်း မြင်ကြရပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့တွေ ဒီမြန်မာ့ထွက်ကုန်များကို တန်ဖိုးမြှင့်လုပ်ငန်းများကိုလုပ်ဖို့ လိုအပ်နေပါပြီ။ ဒီလုပ်ငန်းတွေကို မူလစိုက်ပျိုးတဲ့တောင်သူတွေအများစုမလုပ်နိုင်ပါဘူး။ သီးနှံတစ်ခုပြီးရင် နောက်တစ်ခုစိုက်ဖို့ပြင်နေကြရတဲ့ မိသားစုလုပ်အားကိုပါ ရယူရတဲ့ တောင်သူအများစုဟာ ဒီလုပ်ငန်းကို မလုပ်ကိုင်နိုင်ပါဘူး။ ကျွန်တော်တို့ဒီလုပ်ငန်းကို Business လို့ခေါ်တဲ့ လုပ်ငန်းအတတ်ပညာတစ်မျိုးနဲ့ပြုလုပ်မယ့် တိုင်းရင်းသားလုပ်ငန်းရှင်များလိုအပ်ပါတယ်။ အခုနေပြည်တော်မှာ သီးနှံများကို အခြောက်ခံပြီးတော့မှ နိုင်ငံခြားကိုပို့နေတဲ့ကုမ္ပဏီသုံးခုရှိပါတယ်။ တချို့က သရက်သီးတွေပို့တယ်။ တချို့က သရက်ပျဉ်အဖြစ်နဲ့ပို့တယ်။ တချို့က ဟင်းသီးဟင်းရွက်တွေအခြောက်ခံပြီးတော့မှ နိုင်ငံတကာကို ပို့ပါတယ်။ ဒါ တန်ဖိုးမြှင့်ထွက်ကုန်များအဖြစ်ထုတ်လုပ်ပြီးတော့ နိုင်ငံတကာကို ပို့တဲ့ အစ ပဏာမလို့ကျွန်တော်ပြောချင်ပါတယ်။

ထို့အတူ ကျွန်တော်တို့နိုင်ငံမှာ လက်ဖက်၊ ကော်ဖီ၊ ချင်း၊ နှမ်းနက်စသည်ဖြင့် ပို့နေကြတဲ့ပစ္စည်းတွေလည်း ရှိလာပါပြီ။ သို့သော် ထွက်လာတဲ့ပစ္စည်းနဲ့ ဒီတန်ဘိုးမြှင့်ကုန်ပစ္စည်းဟာ အင်မတန်မှကွာဟနေပါသေးတယ်။ ဒါကိုလုပ်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ သမဝါယမဌာနက စက်မှုဝန်ကြီးဌာနက စက်မှုလက်မှုလုပ်ငန်းဌာနတွေဟာ အတတ်

ပညာတွေ၊ အထောက်အကူပြုမယ့် SME ချေးငွေတွေ ဒါတွေပေးဆောင်ပြီးတော့မှ လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ဖို့လိုတယ်လို့ပြောလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ဒေါ်ချိုချိုရဲ့နိုင်ငံတကာ ဈေးကွက်ကိုရောက်ဖို့ ကျွန်တော်တို့နိုင်ငံမှာ များသောအားဖြင့် သီးနှံများကိုစိုက်တဲ့အခါမှာ ကိုယ်စိုက်ချင်တာကို အရင်စိုက်ပြီးတော့မှ ငါ့ပစ္စည်းဘယ်သူဝယ်မလဲလို့ လိုက်ပြီးရှာရတဲ့ခေတ်။ ဒီတိုင်းပဲရှိနေပါသေးတယ်။ အခု နိုင်ငံတကာမှာကတော့ ငါဘာစိုက်မယ် မင်းယူမှာလားလို့ မေးပြီးတော့မှ၊ ဈေးကွက်ကိုအရင်ရှာပြီးတော့မှ သီးနှံကိုစိုက်တဲ့စနစ်ကိုပြောင်းလဲနေပါပြီ။ ဒီစနစ်ကိုပြောင်းဖို့အတွက် ကျွန်တော်တို့က ပဲစိုက်သူများဟာ ပဲစိုက်သူတောင်သူများအသင်း၊ နှမ်းစိုက်သူများဟာ နှမ်းစိုက်သူတောင်သူများအသင်းစသည်ဖြင့် အသင်းအလိုက်ဖွဲ့ပြီးတော့ နှမ်းစိုက်တောင်သူများဟာ နှမ်းဝယ်ယူပြီးတော့ နှမ်းဆီထုတ်လုပ်သူများနဲ့ တိုက်ရိုက်ဆက်သွယ်ပြီးတော့ ရောင်းချတာမျိုး။ အဲဒီကတစ်ဆင့် နိုင်ငံ တကာဈေးကွက်ကိုသွားမယ်ဆိုရင် UMFCCI လို အသင်းအဖွဲ့ကြီးများကို ဆက်သွယ်ပြီးတော့ ဘယ်နိုင်ငံကအမှာစာ ဘာရှိသလဲဆိုတာကိုမေးပြီးတော့မှ လိုတာကိုစိုက်တာမျိုး။ ဈေးကွက်ကို အရင်ရှာပြီးတော့မှ သီးနှံတွေ၊ အရင်းမြစ်ပစ္စည်းတွေကိုထုတ်လုပ်မယ်ဆိုရင် ရောင်းချဖို့မခက်ပါဘူးလို့ ပြောချင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုး၊ မွေးမြူရေးထုတ်လုပ်မှုတွေ ယခုလည်းပဲ ဥပမာအားဖြင့် နယ်စပ်ကိုနွားတွေတင်နေတယ်။ ဒီနွားတွေကို ဟိုမှာ ခြောက်လလောက် အထူးအစာကျွေးပြီးတော့မှ အင်မတန်ဝဖြိုးလာတဲ့အခါမှ စည်သွပ်ဘူးအဖြစ်နဲ့အခြားနိုင်ငံတွေကို ရောင်းချပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုမလုပ်နိုင်ပါဘူးလား။ နွားအရှင်အတိုင်းပို့မယ့်အစား စည်သွပ်ဘူးအဖြစ်နဲ့ ပို့ရင် ပိုက်ဆံပိုမရနိုင်ပေဘူးလား။ ဒါမျိုးတွေကိုစဉ်းစားပြီးတော့ တန်ဖိုးမြှင့်ထွက်ကုန်တွေ များများထွက်အောင် နိုင်ငံတော်က ကူညီစေလိုပါတယ်။ ထို့အတူ တောင်သူများကလည်း ဈေးကွက်ကို အရင်ကြည့်ပြီးတော့မှ စိုက်ပျိုးထုတ်လုပ်ကြဖို့အချိန်တန်ပြီလို့ ပြောကြားရင်း ဒေါ်ချိုချိုရဲ့အဆိုကို ထောက်ခံပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးပေါလ်ဆိုင်း(ဒီးမော့ဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်က ဒီးမော့ဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း ဖြစ်ပါတယ်။ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့အဆိုကို ထောက်ခံသွားမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့အဓိကထွက်ကုန်ဖြစ်တဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးထုတ်ကုန်တွေကို နိုင်ငံခြားတင်ပို့ရာမှာ ကုန်ကြမ်းအဖြစ်သာ တင်ပို့မှုများသောကြောင့် နိုင်ငံခြားဝင်ငွေအနည်းငယ်သာရရှိပါတယ်။ ဒီကြားထဲမှာ ရာသီကဖျက်၊ ပိုးကဖျက်၊ သဘာဝဘေးကဖျက်၊ ထွက်လာတဲ့သီးနှံတွေကို နိုင်ငံခြားဈေးကွက်မရှိရင် ဈေးတွေကျပြီးမှ အရှုံးပေါ်နေကြပါတယ်။ ဒါကြောင့် ကုန်ကြမ်းအဖြစ်တင်ပို့မယ့်အစား အဆင့်မြှင့်ကုန်ချောထုတ်လုပ်ပြီး ရောင်းချနိုင်လျှင် အကျိုးကျေးဇူးပိုများမှာပါ။ ကုန်ချောထုတ်လုပ်ရောင်းချနိုင်ဖို့ဆိုလို့ရှိရင် (၁) နည်းပညာ၊ (၂) အရင်းအနှီး၊ (၃) ဈေးကွက်ရှာဖွေနိုင်ဖို့လိုအပ်ပါတယ်။ ဒီအချက်သုံးချက်ဟာ ကျွန်တော်တို့အတွက်

စိန်ခေါ်မှုတွေပါ။ ဒီလုပ်ငန်းတွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနိုင်အောင်ဆွဲဆောင်နိုင်ရင် ကျွန်တော်တို့ကျေးဇူးများမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ရာဘာများစွာထွက်ပေမဲ့ ပြည်ပကို ကုန်ကြမ်းအဖြစ် စျေးနည်းနည်းနဲ့ရောင်းချပြီးတော့ ကုန်ချောကို စျေးကြီးကြီးနဲ့ဝယ်နေရတာပါ။ ကိုယ့်နိုင်ငံထဲမှာ ရာဘာကုန်ချောတွေထုတ်လုပ်တင်ပို့မယ်ဆိုရင် အကျိုးအမြတ်များစေမှာပါ။ အဲဒီလို ကျွန်တော်တို့မြန်မာနိုင်ငံကထွက်ရှိတင်ပို့တဲ့ ငါး၊ ပုဇွန်၊ ပင်လယ်စာတွေလည်း ထိုင်းနိုင်ငံဟာ Value Added ထုတ်လုပ်ပြီးမှ ကမ္ဘာ့ပင်လယ်စာ စည်သွပ်လုပ်ငန်းရဲ့အကျိုးအမြတ်များစွာ ရနိုင်မှာပါ။ ကျွန်တော်တို့နိုင်ငံထွက်တဲ့ လက်ဖက်၊ ကော်ဖီတွေကို ကုန်ချောထုတ်လုပ်တင်ပို့တာ အကျိုးအမြတ်တွေရနေသလို အခြားသီးနှံများကိုလည်း တန်ဖိုးမြှင့်တင်ထုတ်ကုန်ထုတ်လုပ်ပြီးမှ ထုပ်ပိုးမှုကောင်းကောင်းနဲ့ ပြည်ပစျေးကွက်ရရှိဖို့ကြိုးစားဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ UPI Netherland Senior Expert အဖွဲ့ကလည်း ကုန်ထုတ်လုပ်ငန်းရှင်များကိုမဆင့်မီ ကုန်ချောပြုလုပ်တဲ့နည်းပညာ ပံ့ပိုးမှုတွေကို စက်မှုကြီးကြပ်ရေးနှင့် စိစစ်ရေးဦးစီးဌာနမှလည်း သိရှိရပါတယ်။ ခြေတုံ၊ လက်တုလုပ်တဲ့နည်းပညာ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်တဲ့နည်းပညာ၊ ဂန္ဓမာပန်းစိုက်ထုတ်လုပ်တဲ့နည်းပညာ၊ စျေးကွက်ဝင် အရည်အသွေးမီ ဆားထုတ်လုပ်တဲ့နည်းပညာ၊ စိန်ထည်များကို ဂတ်(စ်)မီးဖိုနဲ့ထုတ်လုပ်တဲ့နည်းပညာ ဂျုံ၊ ခေါက်ဆွဲတာရှည်ခံအောင် ပြုလုပ်တဲ့နည်းပညာ၊ အဆင့်မီထန်းလျက်ပြုလုပ်တဲ့ နည်းပညာများကို ပို့ချလျက်ရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ဗြိတိန်နိုင်ငံ၊ ဒါးနား၊ ဖီလစ်စတီနိုင်ငံတကာဖွံ့ဖြိုးရေးဌာနကလည်း အမေရိကန်ဒေါ်လာ သုံးသန်းကျော်ရင်းနှီးမြှုပ်နှံပြီး မြန်မာ့ဟင်းခတ်အမွှေးအကြိုင်များကို အရည်အသွေးမြှင့် နိုင်ငံတကာစျေးကွက်ဝင်အောင် ပံ့ပိုးဆောင်ရွက်နေတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးထွက်တဲ့ သီဟိုဠ်သရက်၊ လျှော်ဖြူ၊ ဥ စတဲ့သီးနှံထွက်ကုန်တွေကို နိုင်ငံခြားစျေးကွက်မှာ နေရာတစ်ခုရအောင် ကြိုးစားဖော်ထုတ်ရပါမယ်။ မြန်မာနိုင်ငံရဲ့ဆီအိုးကြီးဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ ဂျပန်နိုင်ငံအထောက်အပံ့ နည်းပညာ၊ နှမ်းစိုက်နည်း၊ နှမ်းဆီစက်ရုံထွက်သမျှကိုဝယ်ယူဖို့ ဆောင်ရွက်လို့နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ စိုက်ပျိုးရေးအခန်းကဏ္ဍစိန်ခေါ်မှုတွေလည်း များလာတဲ့အတွက် မွေးမြူရေးကဏ္ဍမှာလည်း ဦးစားပေးဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတော်အစိုးရဘက်မှလည်းပဲ ငါးမြစိမ်းရောင်၊ မွေးမြူရေး စိမ်းရောင်လိုအပ်ချက်ထက်ဖြည့်ဆည်းနေသလို နိုင်ငံတကာရဲ့အကောင်အထည်ကိုလည်း တင်ပို့စနစ် Valued Added ကိုတင်ပို့နိုင်အောင် မူဝါဒချမှတ်ဖော်ဆောင်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ထွက်ကုန်သီးနှံများ နိုင်ငံခြားစျေးကွက်ဝင်ဖို့ အဓိကစိန်ခေါ်ချက်တစ်ခုမှာ JAP စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ပြီး Food Safety ဖြစ်ဖို့ နိုင်ငံတကာအသိအမှတ်ပြု(ISO)လက်မှတ်ရထားပြီး နိုင်ငံတကာစျေးကွက်ကို ထိုးဖောက်ဝင်ဖို့ အဆင်ပြေမှာပါ။ ကျွန်တော်တို့ရဲ့ထုတ်ကုန်သီးနှံများမှာ ဓာတုဓာတ်ကြွင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်း၊ ဓာတ်မြေသြဇာဓာတ်ကြွင်းကို သတ်မှတ်စံချိန်မပိုအောင် မလုပ်နိုင်သရွေ့ နိုင်ငံခြားစျေးကွက်ကို ခက်ခဲနေအုံးမှာပါ။ နိဂုံးချုပ်အနေနဲ့ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်း ကျေးဇူးရှင်တောင်သူလယ်သမားရဲ့ လူမှုစီးပွားရေးဘဝအဆင်ပြေဖို့အတွက် အုတ်တွင်းမဲဆန္ဒနယ် ဒေါ်ချိုချိုရဲ့

အဆိုကို လေးလေးနက်နက်ထောက်ခံရင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်ရှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထွဋ်ရှ(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်ရှ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို တင်သွင်းသည့်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်များကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဘိုးမြှင့်ထုတ်ကုန်(Value Added)များအဖြစ်ထုတ်လုပ်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ဧရိယာဟက်တာပေါင်း ၆၇.၆ သန်းတွင် စိုက်ပျိုးမြေဟက်တာ ၁၂.၈ သန်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် အမျိုးသားစီမံကိန်းအစီရင်ခံစာတွင် လယ်ယာကဏ္ဍကြီးသည် GDP ၏ ၂၃.၃ ရာခိုင်နှုန်းပါဝင်ပြီး စိုက်ပျိုးရေးပို့ကုန်ဝင်ငွေသည် ပြည်ပပို့ကုန်ဝင်ငွေစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအကြားရှိပါတယ်။ လက်ရှိစိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်မှုကို ခြုံငုံသုံးသပ်လျှင် အခွင့်အလမ်းကောင်းများရှိနေခြင်း၊ ထွက်ကုန်အမျိုးအစားနှင့် အရည်အသွေးကွဲပြားခြားနားမှုများစွာရှိနေခြင်း၊ အစားအသောက်ဘေးကင်းလုံခြုံမှု၊ အရည်အသွေးထိန်းချုပ်မှု၊ အရည်အသွေးအာမခံမှု စနစ်များထူထောင်ရန်လိုအပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ လွန်စွာအားနည်းနေခြင်း၊ ပြည်ပ တင်ပို့မှုနှင့် ပြည်လည်ရရှိမှုအချိုး များစွာလျော့နည်းနေခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ထားသော တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်ဖော်ဆောင်ရေး၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများလိုအပ်နေခြင်းတို့ကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေးထွက်ကုန်များနှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကဏ္ဍကိုအဓိကထား ဆွေးနွေးလိုပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ၂၀၁၆ ခုနှစ်အတွက် FAO ရဲ့စာရင်းဇယားများတွင် ဖော်ပြထားချက်များဖြစ်ပါတယ်။ လတ်ဆတ်သောသစ်သီးဝလံတင်ပို့မှုထိပ်တန်း ၁၀ နိုင်ငံရဲ့ ပြည်ပပို့ကုန်တန်ဖိုးများကို ဖော်ပြထားပါတယ်။ ဗီယက်နမ်နိုင်ငံ US ဒေါ်လာ ၅၉၅ သန်းဖြင့် ပထမ၊ ထိုင်း US ဒေါ်လာ ၄၁၅ သန်းဖြင့် ဒုတိယဖြစ်ပါတယ်။ လတ်ဆတ်သောအပူပိုင်းဒေသထွက်သစ်သီးဝလံ ပြည်ပတင်ပို့မှုထိပ်တန်း ၁၀ နိုင်ငံဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ US ဒေါ်လာ ၄၉၅ သန်းဖြင့် ပထမနေရာတွင်ရှိနေပါတယ်။ တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်တွင် အစိတ်အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု၊ အစားအစာဘေးကင်းလုံခြုံမှုရှိသော အရည်အသွေးမြင့် သစ်သီးဝလံဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ပါတယ်။ ဆောင်ရွက်ရန်လုပ်ငန်းစဉ်များမှာ (၁) အစားအစာဘေးကင်းလုံခြုံမှု(Food Safety)၊ ကောင်းမွန်သော စိုက်ပျိုးရေးစနစ်အလေ့အကျင့်များ(Global GAP) ၊ အရည်အသွေးအာမခံမှုစနစ်(Quality Assurance) ၊ ဆောင်ရွက်ရမည့်အဖွဲ့အစည်း၊ အစိုးရ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၊ စိုက်ပျိုးတောင်သူများ၊ (၂) အရည်အသွေးမြင့်မျိုးစေ့များ၊ သင့်လျော်သောစိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ၊ ရိတ်သိမ်းဆွတ်ခူးချိန်လွန်ကိုင်တွယ်မှု

စနစ်၊ အဆင့်အတန်းခွဲခြားခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သန့်စင်ခြင်း၊ ထုပ်ပိုးခြင်း၊ ဆောင်ရွက်ရမည့် အဖွဲ့အစည်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ရင်းနှီးမြှုပ်နှံသူများ၊ စိုက်ပျိုးတောင်သူများ။ ပို့ဆောင်ဖြန့်ဖြူးခြင်း ဖြစ်ပါတယ်။ ဆောင်ရွက်ရန်လုပ်ငန်းစဉ်များမှာ ခေတ်မီဖြန့်ဖြူးရေးစနစ်များနှင့် သတင်းအချက် အလက်စနစ်များဖြင့် ဖွဲ့စည်းထူထောင်ထားသည့် လက္ကားဈေးကြီးများ၊ ဆောင်ရွက်ရမည့်အဖွဲ့အစည်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ရင်းနှီးမြှုပ်နှံသူများ၊ စိုက်ပျိုးရေးထွက်ကုန်အသင်းအဖွဲ့များ၊ (၂) စိုက်ပျိုးရာဒေသမှ စားသုံးရာဒေသရှိ စိုက်ပျိုးသူများထံသို့ပို့ဆောင်သော ထိရောက်ပြီးတွက်ခြေကိုက်သည့်ဖြန့်ဖြူးရေး လမ်းကြောင်းများ၊ ဆောင်ရွက်ရမည့်အဖွဲ့အစည်း၊ အစိုးရ၊ (၃) သိုလှောင်မှုစနစ်နှင့် အအေးခံ ပို့ဆောင်ရေးစနစ်(Cold Chain)၊ ဆောင်ရွက်ရမည့်အဖွဲ့အစည်း(ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူ များ)၊ ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ တင်းကြပ်သော အရည်အသွေးထိန်းချုပ်မှုစနစ်ဖြင့် ပြုပြင်ထုတ်လုပ်ရန်လိုအပ်ပါတယ်။ အေးခဲထားသောထုတ်ကုန် များ၊ ရေဓာတ်ကိုထုတ်နုတ်၍ အေးခဲထားသောထုတ်ကုန်များ၊ အခြောက်ခံထားသော ထုတ်ကုန်များ၊ အမျိုးမျိုးသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆောင်ရွက်ရမည့်အဖွဲ့အစည်း(ပြည်တွင်း/ပြည်ပရင်းနှီး မြှုပ်နှံသူများ)။ မြန်မာနိုင်ငံတွင် ပထမဆုံးရင်းနှီးမြှုပ်နှံထားတဲ့ ဂျပန်-မြန်မာဖက်စပ် မြန်မာ Agri-Food Co.,Ltd ဖြစ်ပါတယ်။ ရန်ကုန်၊ နေပြည်တော်နဲ့ဟဲဟိုးရှိ စက်ရုံဖြစ်ပါတယ်။ ကုမ္ပဏီမှဆောင်ရွက် နေတဲ့ တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်ဖြစ်ပါတယ်။ လယ်သမားများနှင့်ကန်ထရိုက် လယ်ယာစိုက်ပျိုး ခြင်းမှ ဂျပန်နိုင်ငံရှိ စားသုံးသူများ၊ စာသင်ကျောင်းနှင့်ဆေးရုံများသို့ရောင်းချခြင်းဖြစ်ပါတယ်။

လက်ရှိစိုက်ပျိုးထုတ်လုပ်နေတဲ့သီးနှံများဖြစ်ပါတယ်။ တိုးချဲ့စိုက်ပျိုးမယ့်သီးနှံများဖြစ်ပါတယ်။ အရည်အသွေးပြည့်မီသော ကုန်ချောထုတ်လုပ်ပုံအဆင့်ဆင့်ဖြစ်ပါတယ်။ စိုက်ခင်းများဖြစ်ပါတယ်။ ပြန်လည်သုံးသပ်သင့်သည့် ဥပဒေမူဘောင်များနှင့် လိုအပ်သည့်လုပ်ငန်းစဉ်များ (၁) လုပ်ကွက်ကျယ် စိုက်ခင်းများဖော်ဆောင်ရေး၊ ပြုပြင်လွယ်သည့်မြေအသုံးချမှုဝါဒ၊ (၂) သွင်းအားစုများ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ (၃) ကန်ထရိုက်လယ်ယာစနစ်အား နှစ်ဦးနှစ်ဖက် လိုက်နာစေရန်စည်းနှောင်မှုအားကောင်းသည့်ဥပဒေမူဘောင်များ၊ (၄) စိုက်ပျိုးရေးသီးနှံအားလုံးအား လွှမ်းခြုံသော သီးနှံအာမခံစနစ်၊ (၅) ဘဏ္ဍာရေးအထောက်အပံ့၊ (၆) စိုက်ခင်းဝန်းကျင်တွင် ပြုပြင် ထုတ်လုပ်မှုစက်ရုံများထူထောင်နိုင်ရေး(Agro- based Food Processing Zone)များ၊ နိဂုံးချုပ် အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်တန်ဖိုးမြှင့်ကွင်းဆက်အား နိုင်ငံတကာဈေးကွက်နှင့် ပေါင်းစည်း နိုင်ရေးအတွက် ပါဝင်သောအစိတ်အပိုင်းများအား အစိုးရ၏မူဝါဒနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများက အဓိကမောင်းနှင်ပြီးတော့ ဘဏ္ဍာရေးအထောက်အပံ့များ၊ နိုင်ငံတကာအရည်အသွေးစံနှုန်းများ၊ အဆင့်မြှင့်နည်းပညာပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ပါ ကြောင်း အကြံပြုဆွေးနွေးရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို အတည်ပြုသင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့အဆိုနဲ့ စပ်လျဉ်းပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ရှင်းလင်းချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ ကျယ်ပြန့်လေးနက်တဲ့အဆိုတစ်ရပ်ဖြစ်ပြီး အဆိုကောင်း တစ်ရပ်ဖြစ်ပါတယ်။ ယင်းအဆိုနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှလည်း ကောင်းမွန်သောသုံးသပ်မှုများနှင့် ဆွေးနွေးသွားကြပြီးလည်း ဖြစ်ကြပါတယ်။ အဆိုအနေနဲ့ နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအပေါ်မှာ အလေးအနက်ထား၊ တိုက်တွန်းထားမှုကိုတွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက်လည်း အဆိုရှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရော၊ အဆိုအပေါ်ဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုပါ အထူးကျေးဇူး တင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ၊ မူဝါဒတွေ ချမှတ်ဆောင်ရွက်တဲ့အခါမှာ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေ အပါအဝင် စိုက်ပျိုးထုတ်လုပ် မွေးမြူကြသူများရဲ့ ထုတ်လုပ်နိုင်မှုစွမ်းအားမြင့်ပြီး ဈေးကွက်လိုအပ်ချက်နှင့်အညီ တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ အမယ်စုံထုတ်လုပ်ခြင်းဖြင့် ဝင်ငွေမြင့်မားလာစေရေးနှင့် ထုတ်ကုန်ပစ္စည်းတွေ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ပြီး ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ လက်ရှိစီမံဆောင်ရွက်မှုအခြေအနေများကို အနည်းကျဉ်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေက ထွက်ကုန်တွေကို ထုတ်လုပ်သည့်ကနေပြီးတော့ ဈေးကွက်တင်ပို့တဲ့အထိ တန်ဖိုးကွင်းဆက်(Supply Chain) တစ်လျှောက်လုံးမှာ မှန်ကန်တဲ့နည်းစနစ်တွေကျင့်သုံးရေးဟာ ဒီနည်းစနစ်တွေကိုကျင့်သုံးနိုင်တဲ့ အလေ့အကျင့်ကောင်းများဟာ ပဓာနကျတဲ့ အချက်တစ်ချက်ဖြစ်ပါ တယ်။ ထုတ်လုပ်မှုကဏ္ဍအလိုက်ကျင့်သုံးစေခြင်းဖြင့် အရည်အသွေးကောင်းပြီး စံချိန်စံညွှန်း ကိုက်ညီတဲ့ ထွက်ကုန်တွေထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါ တယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agriculture Practice-GAP)၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practice-GAHP)၊ ကောင်းမွန် သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice-GaqP)တို့ ကျင့်သုံးနိုင်မှုကို

နည်းပညာပေးတဲ့လုပ်ငန်းတွေ၊ သင်တန်းပို့ချခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းတွေကို လည်းပဲ အစဉ်တစိုက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပတင်ပို့တဲ့ ငါး၊ ပုစွန်ရေထွက်ပစ္စည်းနှင့်ပတ်သက်ပြီး အစားအသောက်ဘေးကင်း လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်များဖြစ်တဲ့ GMP၊ HACCP နှင့်အညီ ထုတ်လုပ်မှု၊ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံချက်ပေးတဲ့လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်လျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့အချက်ထဲမှာ အဓိကကျတဲ့ ရာသီအလိုက် ထုတ်လုပ်ထွက်ရှိလာတဲ့ ထွက်ကုန်များ၊ ဈေးကွက်အခြေအနေကြောင့် စိုက်ပျိုးစရိတ်ထက် ထွက်ကုန်ရဲ့တန်ဘိုးကလျော့နည်းပြီး အရှုံးဖြစ်ပေါ်စေတဲ့ဖြစ်စဉ်၊ ထွက်ကုန်တွေ ပျက်စီးဆုံးရှုံးရတဲ့ဖြစ်စဉ်တွေကို ကုစားနိုင်ဖို့အတွက်ဆိုရင် သီးနှံပုံစံချမှတ်မှုနဲ့အတူ ဈေးကွက် အလားအလာတွက်ဆနိုင်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သွား ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာဖွံ့ဖြိုးဖို့အတွက် နည်းလမ်းရှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပြီး လိုအပ်တဲ့ Equipment တွေ၊ Facilities တွေဖြည့်ဆည်းပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုတို့နဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ ဓာတ်ခွဲခန်းတွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် Laboratory Network တစ်ခုကို ၂၀၁၆ ခုနှစ်ကစပြီး ဂျာမနီနိုင်ငံရဲ့အကူအညီနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ Network မှ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ အရည်အသွေးဆိုင်ရာစမ်းသပ်စစ်ဆေးမှုတွေ ကို ဆောင်ရွက်လျက်ရှိတဲ့ ဓာတ်ခွဲခန်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဦးဆောင်ညှိနှိုင်း စည်းရုံးဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ(National Export Strategy-NES)ကို ရေးဆွဲဆောင်ရွက်လျက်ရှိသကဲ့သို့ ပို့ကုန် ဦးဆောင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ(Export-led Growth)ရရှိရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် လေ့လာဆန်းစစ်ပြီး ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်လတ် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်လတ်စီမံကိန်းမှာ မဏ္ဍိုင်(၅)ရပ် ပါဝင်ပြီးတော့ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမယ်စုံတင်ပို့ရေးဟာ အဓိကကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါတယ်။ နိုင်ငံရဲ့ အဓိကထွက်ကုန်တွေ တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုလည်းပဲ အားပေးဆောင်ရွက်လျက်ရှိရာမှာ ငွေကြေးအရင်းအနှီးနှင့် နည်းပညာရရှိဖို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများမှာ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်းပဲ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာမှာ တာဝန်ပေးထားတဲ့ စီးပွားရေးသံမှူးတွေကတစ်ဆင့် ဈေးကွက်ဖော်ဆောင်နိုင်ရေး အတွက် စီမံဆောင်ရွက်ထားမှုရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေအလိုက် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများမှထုတ်လုပ်တဲ့ ပြည်ပတင်ပို့ဖို့ အလားအလာရှိတဲ့

ထုတ်ကုန်ပစ္စည်းများကိုလည်းပဲ ကုန်သွယ်မှုဗဟိုဌာနမှတစ်ဆင့် လေ့လာစိစစ်ပြီး စီးပွားရေးသံမှူးတွေ၊ ကုန်သွယ်ရေးအရာရှိများထံပေးပို့ပြီးတော့ အသေးစား၊ အလတ်စား စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းတွေ ပြည်ပဈေးကွက်ဖော်ဆောင်နိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်ရရှိရေးနှင့် ပတ်သက်ပြီး ပြည်တွင်းကုန်စည်ပြပွဲတွေ၊ နိုင်ငံတကာကုန်စည်ပြပွဲများမှာ ပါဝင်ပြသပြီး ဈေးကွက်ထိုးဖောက်နိုင်ရေးနည်းလမ်းကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုရှင်လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားခဲ့သလို ကဏ္ဍအလိုက် ဌာနများ ချိတ်ဆက် ပေါင်းစပ်ပါဝင်ဆောင်ရွက်ဖို့လိုအပ်သလို အကောင်အထည်ဖော်မှုအပိုင်းမှာလည်းပဲ အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မိမိတို့နိုင်ငံအနေနဲ့ ရှိရင်းစွဲနည်းပညာ၊ ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီး ဆောင်ရွက်နေတဲ့အလျောက် ယင်းအခြေခံတွေ ပိုမိုတိုးတက်ပြည့်စုံလာတဲ့အမျှ အဆိုပါလုပ်ငန်းစဉ်တစ်ရပ်လုံးဟာ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးလာမယ့်အခြေအနေတွေဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကုန်ကြမ်းတွေကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့်ကုန်ပစ္စည်းတွေဖြစ်အောင် ပြည်တွင်း၌ပဲ အရည်အသွေးပြည့်မီအောင်ထုတ်လုပ်ပြီး နိုင်ငံတကာကို ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုအဖြစ် ချေးငွေအထောက်အပံ့ရရှိဖို့၊ နည်းပညာလိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ်၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခေတ်မီအခြေခံအဆောက်အဦများ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်လျက်ရှိနေသေးတဲ့ အခြေအနေဖြစ်တဲ့အလျောက် ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ မိမိတို့လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ဆဲ လုပ်ငန်းရပ်တွေအပေါ်မှာ အားပေးအထောက်အကူပြုနေတဲ့အတွက် အဆိုအား အတည်ပြုပေးနိုင်ရေး အတွက် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မရဲ့အဆိုကို ထောက်ခံဆွေးနွေးပေးသော ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အဆိုတင်စဉ်က ထောက်ခံဆွေးနွေးပေးခဲ့တဲ့ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေးနှင့် ယနေ့ ပြည်သူ့လွှတ်တော်ကြီးတွင် အကြံပြုထောက်ခံဆွေးနွေးပေးကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အထူးကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့အကြံပြုဆွေးနွေးချက်များမှာလည်း အမှန်တကယ်လိုအပ်ပြီး လုပ်ဆောင်သင့်တာတွေ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့လည်း အဆိုကို တင်သွင်းရတဲ့ရည်ရွယ်ချက်မှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာတဲ့ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့်(Value Added) ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်းမှာပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရေး၊ Value Added လုပ်ပြီး ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းဖြင့် ပို့ကုန်ဝင်ငွေ တိုးလာခြင်းနှင့်အတူ တစ်ဖက်မှာလည်း သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာတဲ့အတွက် သွင်းကုန်ကို လျှော့စေပြီး နှစ်ခုပေါင်းရလဒ်အဖြစ် ကုန်သွယ်မှုလိုငွေကို လျှော့စေကာ မြန်မာကျပ်ငွေ

တန်ဖိုးကျဆင်းနေမှုကို ထိန်းချုပ်နိုင်စေရေး၊ တိုင်းပြည်ဝင်ငွေ တိုးလာပြီး အစိုးရရဲ့အခွန်ရငွေကိုလည်း တိုးလာနိုင်စေရန်အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို အကောင်အထည်ဖော်လုပ်ဆောင်မယ် ဆိုရင် အမြဲတမ်းနစ်နာမှုနဲ့ ကြုံဆုံနေရပြီး အရှုံးပေါ်ကာ အကြွေးသံသရာမှ ရုန်းမထွက်နိုင်ကြသေးတဲ့ ကျွန်မတို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေပြည်သူများထဲမှ အများစုဖြစ်ကြတဲ့ လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်နေကြသူများရဲ့အကျိုးစီးပွားမြှင့်တင်နိုင်မှု အတွက် လိုအပ်သည်များကို အပြောမဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်ပေးရမှာဖြစ်သလို SME လုပ်ငန်းများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုပါသော ကြောင့် ကျွန်မရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က လည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့်ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ချိုချို တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၃း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၃၀.၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Hla Kyaw U Than Linn Linn




U Hla Kyaw U Tun Tun Nainag




U Hla Kyaw Dr Tun Linn maw




U Soe Naing U Saw Thalay Saw




U Soe Naing U Khin Zaw





U Soe Naing U Myint Oo

pyithu.hluttaw.mm



U Soe Naing



Dr Myint Thein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်